# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၇)ရက် ၊ တနင်္ဂနွေနေ့ ၊ (22-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်း ပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန် သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိအောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်းရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (စနေနေ့)၊ ၂၉ ရက် (တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့ကြားရှိ **၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၊** (ရုံးပိတ်ရက် ငါးရက်)၊

(ခ) ၂၀၂၅ ခုနှစ် မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့)၊ ၁၅ ရက် (စနေနေ့) နှင့် ၁၆ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **မတ် ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ ရှေ့တစ်ရက်ဖြစ်သည့် မတ် ၁၂ ရက်၊** (ရုံးပိတ်ရက် ငါးရက်)၊


(ဂ) ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက် (စနေနေ့)၊ ၂ ရက် (တနင်္ဂနွေနေ့) နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာ ၃ ရက်၊** (ရုံးပိတ်ရက် လေးရက်)၊

(ဃ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့)နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာ ၂၆ ရက်၊** (ရုံးပိတ်ရက် လေးရက်)။

**အထက်ပါပိတ်ရက်ရှည်အဖြစ် သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံးစနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်**သည်။ပထမရုံးပိတ်ရက် ငါးရက်အတွက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီ ၁၁ ရက်**(စနေနေ့)၊ ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ် ၂၂ ရက်**(စနေနေ့)နှင့် **မတ် ၂၉ ရက်**(စနေနေ့)၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာ ၈ ရက်**(စနေနေ့)၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)တို့ကို** အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။ (မြဝ)

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

၂၁-၁၂-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




နေပြည်တော် ဒီဇင်ဘာ ၂၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အရှေ့-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၅၁၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၃၀ ခန့်အကွာပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် နောက်ခြောက်နာရီအတွင်း အရှေ့-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်သည်။ ထို့နောက် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ယင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ဒီဇင်ဘာ ၂၃ ရက်အတွင်း ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊

**စာမျက်နှာ ၁၉ ကော်လံ ၁**


ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အကျိုးစီးပွား ဆောင်ကြဉ်းပုံဖော် စာပေပွဲတော်

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်ကို အဓိကကျကြောင်း ယုံကြည်လက်ခံထားကြသည်။ လူသားအရင်းအမြစ်ဟူသည် ပညာအပေါ် အဓိကမူတည် တည်ဆောက်ခြင်းဖြစ်သည့်အတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို အလေးထားဖော်ဆောင်လေ့ရှိကြသည်။ လူသားတို့၏ မွေးရာပါပင်ကိုအရည်အသွေးများကို ပညာဖြင့် ပေါင်းစပ်ပေးလိုက်ပါက လူ့ဘောင်လောကကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သော လူတော်လူကောင်း လူသားအရင်းအမြစ်များပေါ်ထွက်လာမည်ဖြစ်ရာ ပညာရေးမြှင့်တင်မှုများကို နိုင်ငံတော်အစိုးရက အလေးထားလုပ်ဆောင်လျက်ရှိသည်။

မြန်မာစာပေနယ်ပယ်တွင်လည်း ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရွှေအိုး လူမခိုးစသည့် ပညာ၏အရေးပါမှုကို ဖော်ညွှန်းထားသည့် ဆိုရိုးများအတိုင်း ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များ ဘဝပျို့ရွယ်စဉ်ကတည်းက အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။ မိမိဘဝအတွက် ပညာဆည်းပူးလေ့လာနေသည့်အရွယ်တွင် ပညာတံခါးကို အကျယ်ပြန့်ဆုံးဖွင့်လှစ်ပေးမည့် ဘဝအတွက်သဘောအကောင်းဆုံးဆရာသမားမိတ်ဆွေစစ်မှာ စာအုပ်စာပေများဖြစ်ကြပြီး မိမိဖတ်ရှုလေ့လာဆည်းပူးနိုင်လျှင် ဆည်းပူးနိုင်သလောက် ပညာရပ်၏ အနက်ရှိုင်းဆုံး အကျယ်ပြန့်ဆုံးနယ်ပယ်ရောက်သည်အထိပင် စာအုပ်စာပေများက မိမိကိုဆရာစားမချန် ခေါ်ဆောင်လမ်းဖွင့်ပေးကြမည်ဖြစ်ပေသည်။

မိမိတို့နိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်သော စာဆိုတော်ကြီးများကို ဂုဏ်ပြုချီးမြှင့်ကြပြီး ယခုထက်တိုင် နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုလေ့ရှိသည်။ အလားတူ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် လူငယ်များဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရေးအတွက် စာကောင်းပေမွန်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်လာစေရန်၊ လူငယ်များစာပေနှင့်ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို ကျယ်ပြန့်စွာသိမြင်လာစေရန်၊ စာပေ၊ ယဉ်ကျေးမှုအနုပညာများမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နတ်တော်လအတွင်းမှာပင် လူငယ်များအတွက် စာပေပွဲတော်၊ လူငယ်စကားဝိုင်းများ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိပါသည်။

နတ်တော်လတွင် ကျင်းပလေ့ရှိသော လူငယ်များအတွက် စာပေပွဲတော်များသည် လူငယ်များ၏ အတွေးအခေါ်အယူအဆမှန်ကန်အောင်၊ အရည်အသွေးပြည့်ဝလာအောင် ထိထိမိမိဆောင်ရွက်နိုင်သည့် ပွဲတော်များဖြစ်သည်။ ယနေ့ခေတ်သည် ပညာခေတ်အဖြစ် တစ်ကမ္ဘာလုံးက လက်ခံထားသည်ဖြစ်ရာ နိုင်ငံ၏အနာဂတ် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူငယ်မောင်မယ်များ၏ ဘဝနှင့်အသိဉာဏ်မြင့်မားတိုးတက်ရေးအတွက် စာအုပ်စာပေ စာကောင်းပေမွန်များသည် အခရာကျသောနေရာတွင် ရပ်တည်လျက်ရှိပေသည်။

စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါသည်။ စာအုပ်မျိုးစုံသည်လည်း လူသားများ၏ခေတ်ကြေးမုံဖြစ်ပါသည်။ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည်ကို စာပေချစ်မြတ်နိုးသူတိုင်း တလေးတစားလက်ခံကျင့်သုံးဆဲလည်းဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များဖြစ်သော လူငယ်မောင်မယ်များ၏ စာပေဖတ်ရှုခြင်းမှတစ်ဆင့် ဆင့်ပွားလာသော မှန်ကန်သည့်အသိပညာ၊ အများအကျိုးပြုအတတ်ပညာများ ကြွယ်ဝပြည့်စုံလာခြင်းသည် နိုင်ငံအေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းကြမည့် ပညာပြည့်ဝနှလုံးလှ လူငယ်များစွာတိုးပွားလာစေမည့် လူငယ်စာပေပွဲတော်များ၊ လူငယ်စကားဝိုင်းများ နှစ်စဉ်မပြတ်ကျင်းပနိုင်ပါစေကြောင်း ကြိုဆိုရေးသားလိုက်ရပါသည်။

# မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းရွက် ပိဿာချိန် ၇၄၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မနေ့ဖြူ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မနေ့ဖြူမြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်းက ကွမ်းရွက်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကွမ်းရွက်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်သဖြင့် လူကြိုက်များကြောင်း သိရသည်။

"မနေ့ဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လယ်ယာထွက်ကုန်တွေခြံထွက်ကုန်တွေ အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ရန်ကုန်ဈေးကွက်ကို ဒေသထွက်ကွမ်းရွက်ပိဿာချိန်များများတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့သူတွေ အဆင်ပြေနေပါတယ်"ဟု မနေ့ဖြူမြို့နယ်မှ ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

မနေ့ဖြူမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ကွမ်းရွက်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြည်ပမှဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲနီပြားအရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၂၁**

ပြည်ပမှ ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲနီပြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပဲနီပြားကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်ယူမှုများရှိသည့်အပြင် ပြည်တွင်း၌ပါ ကုန်သည်များက ဝယ်ယူမှုများပြားနေခြင်းကြောင့် ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ပဲနီပြားများအရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပဲနီပြားက မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလောအရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပြည်တွင်း တံတားဦးဘက်ကနေ ထွက်ရှိတဲ့ ပဲနီပြားတွေကို မန္တလေးဈေးကွက်က ကုန်သည်တွေအပြင် ပြည်ပကပါ ဝယ်ယူမှုများနေတာကြောင့် အရောင်းအဝယ် ပြန်ပြီးကောင်းမွန်လာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲနီပြား သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်ထဲတွင် ကုလားပဲ၊ နှမ်းနှင့် မတ်ပဲတို့အပြင် ပဲနီပြားမှာလည်း ဝယ်ယူမှုများပြားသည့် ပဲအမျိုးအစားတစ်မျိုးဖြစ်ကြောင်း၊ ပြည်တွင်း၌ ပဲနီပြားကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုလတ်တလောတွင် မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်နှင့် မိတ္ထီလာဈေးကွက်၌လည်း ပဲနီပြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၄၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၄၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ကုလားပဲ ၂၅၄၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၄၈၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးကို ရွေးချယ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း လုပ်ငန်းများကိုစိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်လေးပင်မြို့နယ် တော်ပတီခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပတီကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း (Sm-art Village ) စီမံကိန်းဖြင့် ကျေးရွာ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများသည် တော်ပတီခေတ်မီစံပြကျေးရွာ၌ အလျား ၂၆ ပေ၊ အနံ၁၆ ပေ၊ အမြင့် ၁၆ ပေ ရှိ ကျေးရွာ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျေးရွာ ဘက်စုံသုံး ခန်းမဆောင်ကို ရေရှည် ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားသည်။

တော်ပတီခေတ်မီစံပြကျေးရွာ၌ အဆိုပါဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village ) ရန်ပုံငွေကျပ်၁၉ ဒသမ ၉၁ သန်းဖြင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ဒုတိယပတ်မှစတင်ပြီး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၃၃ ဒသမ ၀၅ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၂၇ ဧက ရိတ်သိမ်းပြီးစီး



**ကောလင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၆၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းဧကများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၄၅ ဧက တစ်ဧကလျှင် ၅၆ ဒသမ ၆၇တင်းနှင့်ဖူးစားပြောင်း ၁၅၈၂ ဧက တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၁၆၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဖူးစားပြောင်း ၇၃၇ဧက၊ ဝန်းသိုမြို့နယ်တွင် အစေ့ထုတ်ပြောင်း၁၀ဧက၊ဖူးစားပြောင်း၅၉၁ဧက၊ပင်လည်ဘူးမြို့နယ်တွင်အစေ့ထုတ်ပြောင်း ၃၅ ဧက၊ ဖူးစားပြောင်း ၂၅၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# လဲချားမြို့နယ် ဝမ်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လဲချား ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လဲချားမြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဝမ်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝမ်ကုန်းကျေးရွာ၌ အရှည် ၂ မိုင် ၄ ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်းဖြင့် အဆိုပါဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ယခုနှစ် ဇွန်လ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း နေလှန်းဆား ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဒေသထွက် နေလှန်းဆား ပိဿာချိန် ၆၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ နေလှန်းဆား ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး အဆင်ပြေပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်"ဟု ငပုတောမြို့နယ်မှ ဆားထုတ်လုပ် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူထံမှသိရသည်။ **ကျော်ကျော်လင်း**



# နှစ်ကုန်တွင် ကုန်လက်ကျန်ကောက်ယူရေး

မျိုးသူ(ကုန်သွယ်မြှင့်)

အရောင်းအဝယ်လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အများဆုံးလုပ်ငန်းအမျိုးအစားဖြစ်သည်။ ကုန်စုံလက်လီဆိုင်များမှအစ ကုမ္ပဏီကြီးများထိ ကုန်လက်ကျန်ကို မည်သို့ထိန်းသိမ်းထားမည်နည်း၊ စာရင်းကို မည်သို့ထိန်းသိမ်းမည်နည်း၊ ကုန်လက်ကျန်များကို မည်သည့်အချိန်တွင်ကောက်မည်နည်း စသည့်အချက်များမှာ လုပ်ငန်းပိုင်ရှင်များ၊ မန်နေဂျာများအတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ရသည့်အတွက် ကုန်ပစ္စည်းများသည် အဝင်အထွက် အမြဲရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ကုန်လက်ကျန်များကို လုပ်ငန်းလည်ပတ်နေစဉ်တွင် ကောက်ယူရခက်ခဲသဖြင့် ဈေးရောင်းချိန်ကုန်ဆုံးသည့် ညပိုင်းတွင်လည်းကောင်း၊ လကုန်ပိုင်းတွင်လည်းကောင်း၊ နှစ်ကုန်များတွင်လည်းကောင်း ကောက်ယူလေ့ရှိသည်။ ထိုကောက်ယူမှုများတွင် နှစ်ချုပ်အဖြစ် နှစ်ကုန်ဆုံးချိန်တွင် တစ်နှစ်တာ အရှုံးအမြတ်တွက်ချက်ရန်၊ ကုန်လက်ကျန် အရေအတွက်နှင့် အရည်အသွေးပေါ်တွင်မူတည်၍ တန်ဖိုးသတ်မှတ်နိုင်ရန်တို့အတွက် ကောက်ယူရန်လိုအပ်သည်။ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအတွက် မည်သည့်ကုန်ပစ္စည်းများကို ရောင်းဝယ်မည်၊ ကုန်လက်ကျန်မည်မျှကို မည်သည့်အချိန်တွင်ရှိစေမည် စသည်ဖြင့်ကြိုတင်ပြင်ဆင်ထားနိုင်ရန်အတွက်လည်း နှစ်ကုန်ချိန် ကုန်လက်ကျန်ကို သိရှိထားရန် လိုအပ်သည်။ ကုန်ကျန်ကို စာရင်းမှန်ရရှိစေရန် ကောက်ယူရမည်ဖြစ်သည်။

ထိုသို့ကောက်ယူသည့်အခါတွင် မည်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ကို သိရှိထားရန်လိုအပ်သည်။ နောင်နှစ်အတွက် အရောင်းအဝယ်ပြုလုပ်နိုင်ရန် ယခုနှစ်ကုန်ရှိ ကုန်လက်ကျန်များကို သေချာစွာ စာရင်းကောက်ယူထားနိုင်ရန် လိုအပ်သည်။ အရောင်းအဝယ်ပြုလုပ်ရာတွင် ကုန်ပစ္စည်းအမျိုးအစားမည်မျှ၊ အရေအတွက်မည်မျှကို ဆောင်ရွက်ရမည်ဆိုသည်ကို ပြုလုပ်ထားသော စာရင်းများအရ သိရှိနိုင်သော်လည်း အဆိုပါစာရင်းများအရ ကုန်လက်ကျန်၊ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် ကိုက်ညီရန်လိုအပ်သည်။ ကုန်လက်ကျန်တွက်ချက်သည့် Application များဖြင့် မှတ်သားထားနိုင်သော်လည်း လက်တွေ့စစ်ဆေးသည့်နည်းလမ်းကိုလည်း သုံးစွဲမှသာ အဆင်ပြေနိုင်သည်။ အချို့သော ကုန်ပစ္စည်းများမှာ လက်ကျန်စစ်ဆေးရန်ခက်ခဲတတ်သဖြင့် စစ်ဆေးတိုင်းတာသည့်နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ဝမ်းပုံစနစ်ဖြင့် ထည့်သွင်းထားသည့် စပါး၊ ဆန်၊ ပြောင်း စသည့်ပစ္စည်းများ၊ စက်သုံးဆီ၊ စားသုံးဆီ စသည့်ပစ္စည်းများကို ရေတွက်ရာတွင် သတ်မှတ်ထားသော တွက်နည်းစနစ်များကို သုံးစွဲ၍ အရေအတွက်ကို သိရှိနိုင်သည်။

**ကုန်လက်ကျန်နှစ်ကုန်ကောက်ယူရန် ဆောင်ရွက်သင့်သည့်အဆင့်များ**

နှစ်ကုန် ကုန်ကျန် ကောက်ယူရန်အတွက် အောက်ပါအဆင့်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်-

- ကြိုတင်ပြင်ဆင်ခြင်း၊
- ရေတွက်ခြင်း၊
- ကွဲပြားခြားနားချက်များမှတ်တမ်းတင်ခြင်း၊
- မှတ်တမ်းများကို မှန်ကန်အောင်ပြင်ဆင်ခြင်း၊
- ရေတွက်မှုကို အဆုံးသတ်ခြင်း၊

နှစ်ကုန်စာရင်းကောက်ယူခြင်းသည် မိမိလုပ်ငန်း၏ ဘဏ္ဍာရေးအခြေအနေကို တွက်ဆနိုင်ရန်အတွက်လည်း ဆောင်ရွက်ရန် လိုအပ်သည်။ ထို့ပြင် အခွန်ပေးဆောင်ရန်အတွက်လည်းကောင်း၊ နှစ်ချုပ်စာရင်းများ ရှင်းလင်းနိုင်ရန်အတွက်လည်းကောင်း ကုန်ကျန်ကောက်ယူခြင်းကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ နှစ်ကုန်တွင် ကုန်လက်ကျန်စာရင်းကောက်ယူခြင်းကြောင့် ရှေ့နှစ်အတွက် ပိုမိုကောင်းမွန်သောလုပ်ငန်းအခြေအနေ ခန့်မှန်းချက်ကိုရရှိနိုင်သည်။ ထို့ပြင် နှစ်တစ်နှစ်အတွင်း လျော့နည်းဆုံးရှုံးမှုများ၊ လေလွင့်ပြုန်းတီးမှုများကို သိရှိနိုင်သည်။ ဟောင်းနွမ်းသည့် အခြေအနေများနှင့် အသစ်ထည့်သွင်းသင့်သောကိစ္စများကိုလည်း ဆောင်ရွက်နိုင်သည်။ ရှေ့နှစ်၏ ကုန်လက်ကျန် ဖြည့်ဆည်းရေးမဟာဗျူဟာကို ချမှတ်ဆောင်ရွက်သွားနိုင်သည်။ ကုန်လက်ကျန် အခြေအနေနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်သည်။ လက်ဝယ်ကျန်ရှိသော ကုန်လက်ကျန်ကို သိရှိထားခြင်းဖြင့် လိုအပ်ပါက ရှေ့နှစ်အတွက် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာချိန်များတွင် ကြိုတင်စုဆောင်းထားခြင်းဖြင့် ကုန်ကျစရိတ်ကို သက်သာစေနိုင်ပြီး အကျိုးအမြတ်ကို ပိုမိုရရှိစေနိုင်သည်။

**မည်သည့်အတွက် ကုန်ကျန်ကောက်ရသနည်း**

ကုန်လက်ကျန်ကောက်ယူခြင်းကို နှစ်ကုန်တွင် ကောက်ယူခြင်းနှင့် လုပ်ငန်းလည်ပတ်နေစဉ်တွင် ကုန်လက်ကျန်ကောက်ယူခြင်း ဟူ၍နှစ်မျိုးရှိသည်။ လုပ်ငန်းလည်ပတ်စဉ်တွင် ကုန်လက်ကျန်ကောက်ယူပါက ထုတ်လုပ်နေသော သို့မဟုတ် ရောင်းဝယ်နေသော အခြေအနေများကိုပါ ထည့်သွင်းစာရင်းမှတ်ရသဖြင့် တိကျမှုအားနည်းတတ်ပြီး စာရင်းဇယားပေါ်တွင် ပိုမိုအားပြုရတတ်သည်။ နှစ်ကုန်၌ ကုန်လက်ကျန်ကောက်ယူသည့်အခါတွင် တစ်နှစ်တာ လုပ်ငန်းစဉ်ကို ခေတ္တရပ်နားပြီး ကောက်ယူခြင်းဖြင့် လက်ဝယ်ရှိ ကုန်လက်ကျန်ကို တိတိကျကျမြင်တွေ့စစ်ဆေးနိုင်သဖြင့် လက်ဝယ်ရှိ ကုန်များ၏အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို သေချာသိရှိပြီး တန်ဖိုးကိုတွက်ဆနိုင်သည်။ တစ်ခါတစ်ရံတွင် ကုန်ပစ္စည်းအရည်အသွေးပျက်စီးခြင်း၊ အရေအတွက်ကွာခြားခြင်းနှင့် အလေးချိန်ကွာခြားခြင်းများကိုလည်း ကြုံရတတ်သည်။ ထိုအခါတွင်မည်သည့်အပိုင်းတွင် အားနည်းချက် ဖြစ်ပေါ်သဖြင့် ကွာခြားရသည်ကို ပြန်လည်လေ့လာစိစစ်ပြီး လျော့နည်းလေလွင့်ဆုံးရှုံးမှုများကို သိရှိနိုင်သည်။ ဖြစ်သင့်ဖြစ်ထိုက်သော လေလွင့်ပျက်စီးမှုမျိုးမဟုတ်ဘဲ လူ့ပယောဂကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ လေလွင့်ခြင်းနှင့် မသမာမှုများ ဖြစ်ပေါ်ခြင်းတို့ကိုလည်း ပြန်လည်ဖော်ထုတ်နိုင်မည်ဖြစ်သည်။ မည်သို့ဖြစ်စေကာမူ ကုန်လက်ကျန်ကောက်ယူခြင်းနှစ်မျိုးစလုံးကို မှန်မှန်ပြုလုပ်ပေးရန် လိုအပ်သည်။ သို့မှသာ ကုန်လက်ကျန်ပေါ်မူတည်၍ ပြောင်းလဲနိုင်သော ရှေ့လုပ်ငန်းများနှင့် ငွေတန်ဖိုးများကို တွက်ချက်မှတ်သားနိုင်မည်ဖြစ်ပြီး မိမိလုပ်ငန်း ၏ အရှုံးအမြတ်ကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းမည်မျှသေးငယ်စေကာမူ ကုန်လက်ကျန်ကောက်ယူခြင်းကို ဆောင်ရွက်ပေးရန်နှင့် စာရင်းမှတ်သားရန်၊ တန်ဖိုးတွက်ချက်ထားရန်လိုအပ်သည်။ သို့မှသာ ယခင်နှစ်ကုန်တွင်ရှိခဲ့သော အခြေအနေနှင့် ယခုနှစ်ကုန်တွင်ရှိခဲ့သော အခြေအနေတို့ကိုနှိုင်းယှဉ်သုံးသပ်ပြီး လာမည့်ကာလအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဗျူဟာများကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်အနေဖြင့် တစ်နှစ်တာအတွင်း ပွဲပေါင်း သုံးသောင်းကျော် ရောင်းချရသည်ဆိုပါက တစ်ရက်လျှင် ပွဲတစ်ရာနှုန်းမျှ ရောင်းချရသည်ဟု ခန့်မှန်းနိုင်သော်လည်း နှစ်ကုန်တွင် မုန့်ဟင်းခါးရောင်းပြီးနောက် ကျန်ရှိသည့် ပိုင်ဆိုင်မှုပစ္စည်းများ၊ ကြာကြာအထားခံသည့် အစားအစာများ၊ ဥပမာ- ပဲလက်ကျန်၊ ဆီလက်ကျန်၊ ပန်းကန်ခွက်ယောက် အစရှိသော အခြားကုန်လက်ကျန်များနှင့် ရှေ့တွင်မည်မျှဝယ်ယူဖြည့်တင်းမည်၊ တစ်ရက်လျှင် ပျမ်းမျှပွဲတစ်ရာခန့်အတွက် ကြိုတင်စီစဉ်ထားနိုင်သော်လည်း ပိုမိုရောင်းချနိုင်ရန်အတွက် လိုအပ်သောပန်းကန်ခွက်ယောက်များ ထပ်မံဖြည့်တင်းမည်၊ ဆီကို မည်မျှသိုလှောင်ထားမည် စသည့်အစီအစဉ်များကို ချမှတ်နိုင်မည်ဖြစ်သည်။ နှစ်ကုန်တွင် ကုန်လက်ကျန်ကောက်ယူခြင်းဖြင့် ရှေ့လုပ်ငန်းများကို ကြိုတင်ရေးဆွဲနိုင်သကဲ့သို့ မိမိလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပိုင်ဆိုင်မှုတန်ဖိုးများ မည်မျှတိုးတက်လာသည်ကိုလည်း သိရှိနိုင်သည်။ တစ်ခါတစ်ရံတွင် တစ်နှစ်တာအတွင်း ငွေတန်ဖိုးကျဆင်းခြင်း၊ ငွေတန်ဖိုးမြင့်တက်ခြင်းများ ကြုံရတတ်ပြီး ထိုအခါတွင် မိမိထုတ်ကုန်များကို ရောင်းဈေးနှုန်းမည်သို့သတ်မှတ်မည်၊ အမြတ်ရာခိုင်နှုန်း မည်မျှဖြင့်ရောင်းချမည်၊ ဖောက်သည်များ မပျက်ရေးနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် မည်သည့်ရောင်းဈေးနှုန်းဖြင့် ယှဉ်ပြိုင်ရောင်းချမည် စသည်တို့ကို စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်မှားယွင်းပါက လုပ်ငန်းတိုးတက်မှုကိုပါ ထိခိုက်နိုင်သဖြင့် နှစ်ကုန်တွင် ကုန်လက်ကျန်သိရှိရေးအတွက် ကုန်လက်ကျန်စစ်ဆေးခြင်းသည် များစွာအရေးပါသည်။

**လေလွင့်ဆုံးရှုံးခြင်း**

ကွန်ပျူတာစနစ်ဖြင့် စာရင်းရေးသွင်းခြင်းများကို ဆောင်ရွက်ထားပါက အမျိုးအစားအလိုက်၊ အရေအတွက်များ၊ ရောင်းချမှုများကို တစ်ပြိုင်နက် ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း လက်တွေ့မြေပြင် ကုန်ကျန်ကောက်ယူခြင်းကို လိုအပ်မည်သာဖြစ်သည်။ ထိုသို့မြေပြင် မျက်မြင်စစ်ဆေးခြင်းကို ဆောင်ရွက်ခြင်းဖြင့် ကုန်ပစ္စည်း၏လက်တွေ့အရည်အသွေး၊ အလေးချိန်နှင့် ပျက်စီးလျော့နည်းမှုများရှိ၊ မရှိ၊ ပတ်ဝန်းကျင်အခြေအနေများကောင်း၊ မကောင်း၊ ချို့ယွင်းမှုနှင့် ပြုပြင်ဆောင်ရွက်ရန်လိုအပ်ချက်များကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် လေလွင့်ဆုံးရှုံးမှုများကို သိရှိနိုင်မည်ဖြစ်သည်။ လေလွင့်ဆုံးရှုံးမှုများကို သိရှိပြီဆိုပါက မည်သည့်အတွက်ကြောင့် လေလွင့်ဆုံးရှုံးမှုဖြစ်ရသည်၊ သဘာဝအတိုင်း လျော့နည်းနိုင်သည့် ကုန်ပစ္စည်းမျိုးဖြစ်၊ မဖြစ်၊ သဘာဝအတိုင်း လျော့နည်းတတ်သည့် ကုန်ပစ္စည်းမျိုးဆိုပါက ကာလအလိုက်မည်မျှ လျော့နည်းတတ်သည်၊ လျော့နည်းတတ်သည်ထက် ပိုမိုလျော့နည်းခြင်းရှိ၊ မရှိ စသည်တို့ကို သိရှိထားရန် လိုအပ်သည်။ သို့မှသာ လေလွင့်ဆုံးရှုံးမှုများနှင့် ပတ်သက်၍ မည်သူ့တွင်တာဝန်ရှိသည်၊ နောင်မဖြစ်ပွားစေရေးအတွက် မည်သို့ကာကွယ်ဆောင်ရွက်မည် စသည်တို့ကို ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်သည်။

သဘာဝအတိုင်းထားရှိသည့် သိုလှောင်ရုံများတွင် သီးနှံများဖြစ်သော စပါး၊ ပဲ၊ ပြောင်း စသည်တို့ကို ကာလရှည်သိုလှောင်ရပါက လေလွင့်လျော့နည်းမှုများ ဖြစ်ပွားတတ်သည်။ အနည်းဆုံးလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ လေလွင့်ဆုံးရှုံးမှုများသည် အမြတ်ကို ထိခိုက်သည့်အပြင် အရင်းအနှီးကိုပါ ထိခိုက်တတ်သည်။ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုများကိုလည်း ကြိုတင်ပြင်ဆင်ကာကွယ်ထားရန် လိုအပ်သည်။ ဥပမာ-မီးဘေးအန္တရာယ်ကိုကာကွယ်ရန် ကုန်လက်ကျန်များနှင့်အဆောက်အအုံကို မီးအာမခံထားခြင်းမျိုးဆောင်ရွက်ထားရန်လိုအပ်သည်။ လုံခြုံရေးလုပ်ငန်းကိုလည်း သေချာစွာချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။

**ခန့်မှန်းထားသည်ထက်ပိုမိုခြင်းနှင့်လိုနေခြင်း**

ခန့်မှန်းချက်ထက်ပိုမိုခြင်းဆိုသည်မှာ တစ်နှစ်တာ စီမံချက်အရ ကုန်အမျိုးအစားအလိုက် ရောင်းချမှု၊ ကုန်ဖြည့်တင်းမှုအစီအစဉ်နှင့် မြေပြင်စစ်ဆေးတွေ့ရှိချက်အရ လက်ကျန်ပစ္စည်းအရေအတွက်တို့သည် ကွာခြားနေသည်ဆိုပါက ခန့်မှန်းထားသည့်ရောင်းအားနည်းပါးမှုကြောင့် ကုန်လက်ကျန်ဖြည့်တင်းသည့်အစီအစဉ်မှာ ပိုမိုသွားပြီးလိုအပ်သည်ထက် ကုန်လက်ကျန်များပိုမိုနေခြင်းသည် ကုန်လက်ကျန်စီမံခန့်ခွဲမှုအားနည်းချက်ကြောင့်ဖြစ်ပြီး အဆိုပါအချက်ကို နှစ်ကုန် ကုန်ကျန်ကောက်ယူသည့်အခါတွင် ခန့်မှန်းသည်ထက် ပိုမိုနေခြင်းမျိုးဖြစ်သည်။ ထိုအခြေအနေမျိုးသည် စီမံခန့်ခွဲမှုအားနည်းချက်နှင့် ကြိုတင်ခန့်မှန်းမှုလွဲချော်မှုတို့ကြောင့် ဖြစ်ပေါ်တတ်သည်။ ထိုသို့မဖြစ်စေရေးအတွက် မည်သည့်ကာလတွင် ကုန်ပစ္စည်းပိုမိုရောင်းချရတတ်သည်၊ မည်သည့်ကာလတွင် ကုန်ရောင်းချမှုကျဆင်းတတ်သည် စသည်တို့ကိုပါ ကြိုတင်ခန့်မှန်းနိုင်ရမည်ဖြစ်သည်။ အထူးသဖြင့် သက်တမ်းသတ်မှတ်ထားပြီး သက်တမ်းတိုသော ကုန်ပစ္စည်းမျိုးဖြစ်ပါက ကုန်ကျန်မဖြစ်စေရေး၊ ရှိသင့်သည်ထက် ပိုမိုမကျန်ရှိရေးတို့ကို သေသေချာချာ ခန့်မှန်းနိုင်ရန်လိုအပ်သည်။ သက်တမ်းလွန်သောပစ္စည်းများ ကျန်ရှိနေပါကလည်း အကျိုးအမြတ်ကို ထိခိုက်မည်ဖြစ်သည့်အပြင် အရင်းအနှီးကိုပါ ထိခိုက်နိုင်သည်။ ထို့ကြောင့် ကုန်လက်ကျန်စာရင်းကောက်ယူသည်နှင့်အတူ ကုန်လက်ကျန်ဖြည့်တင်းမည့်အစီအစဉ်ကိုလည်း သေချာစွာကြိုတင်ပြင်ဆင်ခန့်မှန်းရန်လိုအပ်သည်။

❖နှစ်ကုန်တွင် ကုန်လက်ကျန်စာရင်းကောက်ယူခြင်းကြောင့် ရှေ့နှစ်အတွက် ပိုမိုကောင်းမွန်သောလုပ်ငန်းအခြေအနေ ခန့်မှန်းချက်ကိုရရှိနိုင်သည်။ ထို့ပြင် နှစ်တစ်နှစ်အတွင်း လျော့နည်းဆုံးရှုံးမှုများ၊ လေလွင့်ပြုန်းတီးမှုများကို သိရှိနိုင်သည်။ ဟောင်းနွမ်းသည့် အခြေအနေများနှင့် အသစ်ထည့်သွင်းသင့်သောကိစ္စများကိုလည်း ဆောင်ရွက်နိုင်သည်။ ရှေ့နှစ်၏ ကုန်လက်ကျန်ဖြည့်ဆည်းရေး မဟာဗျူဟာကို ချမှတ်ဆောင်ရွက်သွားနိုင်သည်။ ကုန်လက်ကျန် အခြေအနေနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၈၇ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၈၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်း ၂၁၈၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၁၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

အဝယ်တက်နေချိန်မျိုးတွင် ကုန်ပစ္စည်းမပြတ်လပ်စေရန်လည်း ကုန်ဖြည့်တင်းမှုကိုအချိန်မီဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ခန့်မှန်းသကဲ့သို့ရောင်းချရခြင်းမရှိဘဲ ပိုမိုနေပါကလည်း မလိုအပ်ဘဲ ငွေကြေးသုံးစွဲရခြင်း၊ ပျက်စီးဆုံးရှုံးခြင်းနှင့် သက်တမ်းလွန်ခြင်းများကြောင့် ဆုံးရှုံးခြင်းများကိုလည်း ကြုံရတတ်သဖြင့် ကုန်လက်ကျန်ကို လိုအပ်ချက်နှင့် အနီးစပ်ဆုံးဆောင်ရွက်နိုင်ရေး တွက်ချက်ခန့်မှန်းနိုင်ရန်လိုအပ်သည်။ ကုန်တိုက်များ၏စီးပွားရေးလုပ်ငန်းမှာ နေရာရောင်းချခြင်းသာဖြစ်သည်။ ထို့ကြောင့် နေရာအလိုက်၊ စင်အလိုက်ရှိရမည့် ကုန်ပစ္စည်းတစ်ခုချင်း၏ ကုန်များမပြတ်လပ်စေရေးနှင့် အချိန်ကိုက်ကုန်ပစ္စည်းအရ အရောင်း၊ လက်ကျန်များ စင်များပေါ်တွင် ရှိနေရေးဖြစ်သည်။ ကုန်လက်ကျန်ခန့်မှန်းစီမံခြင်းကို ကျွမ်းကျင်စွာ ခန့်မှန်းတွက်ချက်နိုင်ရန်များစွာလိုအပ်သည်။

ထိုသို့ကုန်လက်ကျန်စာရင်း ကောက်ယူခြင်းကို နေ့စဉ်ဆောင်ရွက်ရသကဲ့သို့ နှစ်ကုန်များတွင် ကုန်လက်ကျန်ကောက်ယူခြင်းကိုလည်း မြေပြင်တွင် စနစ်တကျကောက်ယူသွားရန်လိုအပ်သည်။ သို့မှသာ ရှေ့နှစ်အတွက် လုပ်ငန်းမဟာဗျူဟာချမှတ်ရာတွင် ကြီးစွာအထောက်အပံ့ပြုမည်ဖြစ်သည်။ ရှေ့နှစ်တွင် လုပ်ငန်းတိုးချဲ့နိုင်ခြေရှိ၊ မရှိ၊ လုပ်ငန်းတိုးချဲ့နိုင်ပါက မည်မျှတိုးချဲ့မည်၊ မည်သည့် ကုန်အမျိုးအစားကို တိုးချဲ့မည်၊ ကုန်အမှာစာများကို မည်သို့ကြိုတင်ဆောင်ရွက်မည်၊ ရောင်းဈေးနှုန်းများကို မည်သို့သတ်မှတ်မည်၊ ရောင်းဈေးပြောင်းလဲပါက ကုန်လက်ကျန်၏ တန်ဖိုးလည်းပြောင်းလဲမည်ဖြစ်၍ မည်မျှကုန်လက်ကျန်ရှိသည်ကိုခန့်မှန်းရမည်ဖြစ်သည်။ ရောင်းအားကောင်းသော ကုန်များကို ကြိုတင်မှာကြားခြင်း၊ စာချုပ်ချုပ်ဆို၍ ကြိုတင်ဝယ်ယူခြင်းနှင့် အရေအတွက်မည်မျှကို မှာကြားမည်ကအစ ကုန်လက်ကျန်ပေါ်တွင် အခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် တစ်နှစ်တာကုန်ဆုံးချိန်တွင် ကုန်လက်ကျန်ကောက်ယူခြင်းကို မဖြစ်မနေဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– Sorty.com’s How to Do a Year-end Inventory Count**

## ချစ်မိသော ဒီဇင်ဘာ

– ချစ်မိသော ဒီဇင်ဘာ၊
မင်းအနမ်း မင်းရှိုက်သံ
တို့ရင်ထံ ခညောင်းမွေ့တော့
ချမ်းမြေ့ စိတ်လွှာ၊
အေးခြင်းက စိမ့်စိမ့်ဖြာ
လိုမ့်လိမ့်လာ နှင်းမြူများ၊
အခိုးလွှင်လွှင်
တစ်မျိုးသွင်ပြင် ရစ်ဆိုင်းဝဲ
ရိုးယဉ်ယဉ်ချစ် "တိုင်း"ထဲမှာ
ကဲကဲကြွားကြွား။

– ချစ်မိသော ဒီဇင်ဘာ၊
တလဲ့လဲ့ မျက်ဝန်းဝယ်
ခက်ပန်းနွယ် အဖူးအပွင့်တွေနဲ့
တင့်တယ် ဂုဏ်ဝါ၊
သင်းရနံ့ ပြည့်ဝစွာ
မျက်နှာပေါ် ဖြန့်အုပ်၊
"သမု"အားကြို
"ဆု"ပွားလို အရွယ်တော်လေးက
နုထွားပျို "ဆယ်ကျော်"အသွေးနဲ့
တေးသံစဉ်ထုတ်။

– ချစ်မိသော ဒီဇင်ဘာ၊
သွယ်ပြောင်းမှု ခေါင်းမှခြေ
ကောင်းလှပေ အဆစ်အချိုးကြောင့်
မြတ်နိုးသူငါ၊
ဂန္ထဝင်မြောက် ခန္ဓာ
ပြေပြစ်စွာ ရသဖွဲ့၊
တချို့တွဲနှောင်
ညှို့ဆွဲဆောင် စိတ်အလှနဲ့
တို့စွဲအောင် နိမိတ်ပြတော့
(ဘယ်အခါဖြစ်ဖြစ်...)
ချစ်မဝခဲ့။ ။

ချမ်းမြေ့(ဇလွန်မြေ)

# နိုင်ငံတကာ သတင်းများ

## ယီမင်ဘက်မှပစ်လွှတ်သည့် ဒုံးကျည် အစ္စရေးနိုင်ငံ ဂျက်ဖာမြို့၌ ကျရောက်

ဂျေရုဆလင် ဒီဇင်ဘာ ၂၁

ယီမင်နိုင်ငံဘက်မှ နံနက်ပိုင်းတွင် ပစ်လွှတ်ခဲ့သော ဒုံးကျည်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ရေီယာအတွင်းရှိ မြို့တစ်မြို့၌ ကျရောက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဒုံးကျည်ကျရောက်မှုကြောင့် တဲလ်အဗစ်မြို့ ရေီယာအတွင်းရှိ ဂျက်ဖာမြို့၌ လူပေါင်း ၁၄ ဦး ဒဏ်ရာများရရှိခဲ့သည်။

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုပစ်မှတ်များကို အစ္စရေးလေတပ်က တိုက်ခိုက်ခဲ့ပြီးနောက် ယီမင်နိုင်ငံဘက်မှ ပစ်လွှတ်လိုက်သည့် ဒုံးကျည် ဂျက်ဖာမြို့တွင်းသို့ ကျရောက်ခဲ့ခြင်းဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီအုပ်စုသည် ဂါဇာစစ်ပွဲစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလနောက်ပိုင်းမှစ၍အစ္စရေးနိုင်ငံကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။

ဒီဇင်ဘာ ၁၉ရက်တွင် အစ္စရေးတပ်မတော်သည် ဟူသီအုပ်စု၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယီမင်နိုင်ငံတွင်းရှိ ဟူသီအုပ်စုထိန်းချုပ်ထားသော ဆိပ်ကမ်းများနှင့် ဓာတ်အားပေးစက်ရုံများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

အစ္စရေးကိုဆက်လက်တိုက်ခိုက်နေမည်ဆိုပါက ဟူသီအုပ်စုကို စစ်ရေးအရပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟု အစ္စရေး တပ်မတော်က သတိပေးထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကွန်ဂို၌ ရေယာဉ်တစ်စီးနစ်မြုပ်မှုဖြစ်ပွား အနည်းဆုံး လူ ၂၂ ဦး သေဆုံး

ကင်ရှာဆာ ဒီဇင်ဘာ ၂၁

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သတ်မှတ်လူဦးရေထက် ပိုမို တင်ဆောင်ထားသောကြောင့် အပေါ်ကုန်းပတ် ပြိုကျခဲ့ပြီး ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၂၂ ဦး သေဆုံးခဲ့ရကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရေယာဉ်မတော်တဆမှုသည် ကွန်ဂိုအနောက်ပိုင်း မိုင်း-အင်န်ဒွမ်ဘီပြည်နယ် မြစ်ပြင်တစ်ခု၌ ဒီဇင်ဘာ ၁၈ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အပေါ်ကုန်းပတ်ပြိုကျပြီးနောက် နစ်မြုပ်ခဲ့ရသော ယင်းရေယာဉ်ပေါ်တွင် ခရီးသည် ၁၀၀ထိ လိုက်ပါလာကြောင်းမိုင်း-အင်န်ဒွမ်ဘီပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တစ်နေရာနှင့် တစ်နေရာသွားလာရာတွင် ရေကြောင်းခရီးကို အဓိကအသုံးပြုနေသော ကွန်ဂိုနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်နစ်မြုပ်မှုများ မကြာခဏဖြစ်ပွားတတ်သည်။

ရေယာဉ်များအိုမင်းဟောင်းနွမ်းမှု၊ သတ်မှတ်ဝန်ထက် ပို၍တင်ဆောင်မှုများသည် ရေယာဉ်မတော်တဆမှုများကွန်ဂို၌ ဖြစ်ပွားရခြင်း၏အဓိကအကြောင်းရင်းဖြစ်သည်။

ယခုနှစ် အောက်တိုဘာလကလည်း ကွန်ဂိုအရှေ့ပိုင်း ကီဗူးရေအိုင်၌ ခရီးသည် ၂၇၈ ဦးလိုက်ပါသွားသည့် ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ အနည်းဆုံး လူပေါင်း ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ရီအမ်ရေတပ်စခန်းသို့ ဂျပန်သင်္ဘောများ လာရောက်လည်ပတ်ခွင့် ကမ္ဘောဒီးယားသဘောတူ



ဖနွမ်းပင် ဒီဇင်ဘာ ၂၁

ကမ္ဘောဒီးယားနိုင်ငံ ရီအမ်ရေတပ်စခန်းသို့ ဂျပန်သင်္ဘောများ ဝင်ရောက်လည်ပတ်ခွင့် ရရှိမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်က ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြထားသည်။

ရီအမ် ရေတပ်စခန်းသည် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ပြုပြင်မွမ်းမံထားသော ရေတပ်စခန်းဖြစ်ရာ တရုတ်ရေတပ်၏ ရှေ့တန်းစခန်းတစ်ခုဖြစ်လာမည့်အရေးကို အမေရိကန်နိုင်ငံက စိုးရိမ်လျက်ရှိသည်။

သို့ရာတွင် ကမ္ဘောဒီးယားအနေဖြင့် ဂျပန်ရေတပ်မှသင်္ဘောများကို ရီအမ်ရေတပ်စခန်းသို့ လာရောက်ခွင့်ပေးရန် သဘောတူထားကြောင်း ဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်က ဒီဇင်ဘာ ၂၀ ရက်တွင် အတည်ပြုပြောကြားထားသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အဓိကအာရှမဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် စတင်ခဲ့သည့် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးဆုံးပြီးနောက် ရီအမ်ဆိပ်ကမ်းသို့ တရုတ်ရေတပ်စစ်သင်္ဘောများ အလှည့်ကျ ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

ရီအမ်ရေတပ်စခန်းသို့ ဂျပန်စစ်သင်္ဘောများလာရောက်ခွင့်ပေးရေးကို ဂျပန်အစိုးရ အမျိုးသားလုံခြုံရေးအကြံပေး အကီဘာတာကီအို၏ ကမ္ဘောဒီးယားခရီးစဉ်အတွင်း သဘောတူခဲ့ခြင်းဖြစ်ကြောင်း အထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်၏ အဆိုအရ သိရသည်။

Ref : RT

Trs : KKO

## မက္ကဆီကို အကျဉ်းထောင်တစ်ခု၌ အဓိကရုဏ်းဖြစ်ပွားခဲ့သောကြောင့် အကျဉ်းသား ခုနစ်ဦးသေဆုံး




မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၁

မက္ကဆီကိုနိုင်ငံ တောင်ပိုင်းတာဘာစကိုပြည်နယ် ဗီလာဟာမိုဆာမြို့ အကျဉ်းထောင်တစ်ခု၌ အကျဉ်းထောင်အဓိကရုဏ်းတစ်ခုဖြစ်ပွားခဲ့ရာ အကျဉ်းသား ခုနစ်ဦးသေဆုံးခဲ့ရကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါအကျဉ်းထောင် အဓိကရုဏ်းသည် အခြားအကျဉ်းထောင်များသို့ရွှေ့ပြောင်းရန်ဆန္ဒမရှိသူ အကျဉ်းသားများနှင့်ရဲတပ်ဖွဲ့ဝင်များကြား ဒီဇင်ဘာ ၁၉ ရက်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဗီလာဟာမိုဆာ အကျဉ်းထောင်အဓိကရုဏ်းအတွင်း အကျဉ်းသားခုနစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရခဲ့ပြီး မက္ကဆီကိုရဲတပ်ဖွဲ့ဝင်လေးဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အန္တရာယ်ကြီးမားသည့် အကျဉ်းသားနှစ်ဦးကို အခြားဖက်ဒရယ်အကျဉ်းထောင်တစ်ခုသို့ရွှေ့ပြောင်းရန် မက္ကဆီကိုရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်နေစဉ် အကျဉ်းသားများက သေနတ်များ၊ ဓားများဖြင့် စတင်တိုက်ခိုက်ခဲ့ကြောင်းမက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အကျဉ်းထောင်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်ခဲ့ရာ ရိုင်ဖယ်သေနတ်တစ်လက်၊ ပစ္စတို ငါးလက်၊ လက်ပစ်ဗုံးတစ်လုံး၊ ရဲတင်း ၂၃ လက်၊ ဓား ၁၄ လက်နှင့် လက်လုပ်ဓားတို ၂၃ လက် တွေ့ရှိခဲ့သည်။

ထောင်တွင်း အဓိကရုဏ်းပေါ်ပေါက်ရမှု၏အကြောင်းရင်းကို မက္ကဆီကိုတာဝန်ရှိသူများကစုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စကားဘိုရိုနယ်မြေအတွင်း ဝင်ရောက်လာသော ဖိလစ်ပိုင်လေယာဉ်ကို တရုတ်ကမ်းစောင့်တပ်သတိပေး

ပေကျင်း ဒီဇင်ဘာ ၂၁

တောင်တရုတ်ပင်လယ်ဒေသ စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေ၌ ဖိလစ်ပိုင်လေယာဉ်တစ်စင်းကို သတိပေးမောင်းထုတ်ခဲ့ရကြောင်း တရုတ်ကမ်းခြေစောင့်တပ်က ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေဝေဟင်အတွင်းသို့ ဒီဇင်ဘာ ၂၀ ရက်တွင် တရားမဝင်ဝင်ရောက်လာသော စီ-၂၈၈ အမျိုးအစား ကင်းထောက်လေယာဉ်ကို မိမိတို့အနေဖြင့် သတိပေး နှင်ထုတ်ခဲ့ကြောင်း တရုတ်ကမ်းခြေစောင့်တပ် ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် စကားဘိုရိုနယ်မြေဝေဟင်၊ ရေပြင်ပိုင်နက်ချိုးဖောက်ရန်စမှုများ ချက်ချင်းရပ်တန့်ရန်လည်း တရုတ်ကမ်းခြေစောင့်တပ်က ဖိလစ်ပိုင်နိုင်ငံကို တိုက်တွန်းထားသည်။

စကားဘိုရို ရေမြုပ်သဲသောင်ဒေသသည် တရုတ်နှင့်ဖိလစ်ပိုင်တို့ကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ်နယ်မြေတစ်ခုဖြစ်သည်။

သို့ရာတွင် စကားဘိုရိုရေမြုပ်သဲသောင်ဒေသကို လက်ရှိတွင် တရုတ်နိုင်ငံက ထိန်းချုပ်ထားကြောင်း သိရသည်။

စကားဘိုရိုရေအောက်သဲသောင်နယ်မြေသည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းနှင့် ရေမိုင် ၄၆၀ ကွာဝေးပြီး ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းနှင့် ရေမိုင် ၁၂၀ ကွာဝေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Bandwagon-2 မစ်ရှင်ဖြင့် ဂြိုဟ်တုအစင်း ၃၀ လွှတ်တင်ရန် စီစဉ်ထား



ဝါရှင်တန် ဒီဇင်ဘာ ၂၁

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Bandwagon-2 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တုအစင်း ၃၀ ကို ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Bandwagon-2 မစ်ရှင်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် Space-X ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Bandwagon-2 မစ်ရှင် ဂြိုဟ်တုအစင်း ၃၀ ထဲတွင် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ဂြိုဟ်တုများနှင့် အခြားနည်းပညာကုမ္ပဏီများမှ ဂြိုဟ်တုများ ပါဝင်သည်ဟု Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Bandwagon-1 မစ်ရှင်ကို ယခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့ရာ အဆိုပါ မစ်ရှင်အတွင်း ဂြိုဟ်တု ၁၁ စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

Space-X ကုမ္ပဏီသည် ယခင်ကလည်း Transporter အမည်ရှိ မစ်ရှင်များဖြင့် ဂြိုဟ်တုအငယ်စားများကို စုပေါင်းစပ်ပေါင်းစနစ်ဖြင့် လွှတ်တင်ပေးခဲ့ဖူးကြောင်း သိရသည်။

Space-X ကုမ္ပဏီ၏ Transporter မစ်ရှင်ပေါင်း ၁၁ ခုအနက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ခဲ့သည့် ပထမဆုံး Transporter မစ်ရှင်တွင် ဂြိုဟ်တုပေါင်း ၁၄၃ စင်းထိ ကမ္ဘာပတ်လမ်းပေါ် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## ရုရှားအာကာသယာဉ်မှူး နှစ်ဦးက နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ X-ray ရောင်ခြည်ထောက်လှမ်းရေးစနစ်ကို တပ်ဆင်ခဲ့

မော်စကို ဒီဇင်ဘာ ၂၁

ရုရှား အာကာသအေဂျင်စီ၏ အာကာသယာဉ်မှူး နှစ်ဦးသည် ဒီဇင်ဘာ ၁၉ ရက်တွင် နိုင်ငံတကာ အာကာသစခန်း ပြင်ပသို့ထွက်ခွာ၍ X-ray ရောင်ခြည်ထောက်လှမ်းရေးစနစ်ကို တပ်ဆင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ရုရှား အာကာသယာဉ်မှူး အလက်ဆေး အော့ဗ်ချီနင်နှင့် အိုင်ဗင်ဗာဂနာတို့၏ နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာချိန်မှာ ၇ နာရီ ကြာမြင့်ခဲ့သည်။

ရုရှား အာကာသယာဉ်မှူး နှစ်ဦး၏ ဒီဇင်ဘာ ၁၉ ရက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် ယခုနှစ်၏ နောက်ဆုံးထွက်ခွာမှုဖြစ်သည်။



နိုင်ငံတကာ အာကာသစခန်းပေါ်မှ အာကာသယာဉ်မှူးများသည် ၁၉၉၈ ခုနှစ်နောက်ပိုင်း လက်ရှိအချိန်ထိ အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုပေါင်း ၂၇၂ ကြိမ်ထိ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၁၉ ရက် နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှုသည် ရုရှား အာကာသယာဉ်မှူး အလက်ဆေးအော့ဗ်ချီနင်အတွက် ဒုတိယမြောက် နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ရုရှားအာကာသယာဉ်မှူး အိုင်ဗင်ဗာဂနာအတွက်မူ ဒီဇင်ဘာ ၁၉ ရက် မစ်ရှင်သည် ပထမဆုံး နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Rocket Lab ကုမ္ပဏီက Strix ရေဒါဂြိုဟ်တုများကို အာရုံခံစနစ်ပြဿနာတစ်ရပ်ကြောင့် မလွှတ်တင်မီ မိနစ် ၂၀ အလိုတွင် ဖျက်သိမ်းခဲ့ရ

ဝါရှင်တန် ဒီဇင်ဘာ ၂၁

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဒီဇင်ဘာ ၂၀ ရက်တွင် Strix အမည်ရှိ ရေဒါဂြိုဟ်တုများကို လွှတ်တင်ရန် စီစဉ်ထားသော်လည်း အာရုံခံစနစ် ပြဿနာတစ်ရပ်ကြောင့် မလွှတ်တင်မီ မိနစ် ၂၀ အလိုတွင် အစီအစဉ် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် Strix ရေဒါဂြိုဟ်တု ခြောက်စင်းကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံ မာဟီးယားကျွန်းဆွယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်ရန်မိနစ် ၂၀ အလိုတွင် ဒုံးပျံ၏အာရုံခံစနစ် ပြဿနာတစ်ရပ်ကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း Rocket Lab ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Strix ဂြိုဟ်တုများလွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်ရက်ကို Rocket Lab ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Strix ရေဒါပုံရိပ်ဖော်ဂြိုဟ်တုများသည် ဂျပန်နိုင်ငံအခြေစိုက် Synspective ကုမ္ပဏီက တည်ဆောက်ထားသော ဂြိုဟ်တုများဖြစ်ကြသည်။

Synspective ကုမ္ပဏီသည် Strix ရေဒါပုံရိပ်ဖော်ဂြိုဟ်တု ၁၆ စင်းကို Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဘေးအန္တရာယ်မရှိသည့် ဗိုင်းရပ်တစ်မျိုးကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

နယူးယောက် ဒီဇင်ဘာ ၂၁

အရွယ်ရောက်သူ ထက်ဝက်တွင် ရှိနေတတ်ပြီး ဘေးအန္တရာယ်မရှိသည့် ဗိုင်းရပ်တစ်မျိုးကြောင့် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေ မြင့်တက် လာနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Cytomegalovirus (CMV) ခေါ် အထက်ပါဗိုင်းရပ်သည် သွေး၊ တံတွေးကဲ့သို့ ကိုယ်တွင်းအရည်များမှတစ်ဆင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်တတ်ပြီး ကူးစက်ခံရပါက တုပ်ကွေးရောဂါနှင့်တူသည့် ရောဂါလက္ခဏာများသာ ပေါ်ထွက်တတ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားလူနာ ၄၅ ရာခိုင်နှုန်းမှာ CMV ဗိုင်းရပ်ကူးစက်ခံထားရသူများဖြစ်ကြကြောင်း သိရသည်။

CMV ဗိုင်းရပ်ကူးစက်ခံရသူ တချို့တွင် နာတာရှည် အူလမ်းကြောင်း ရောဂါတစ်မျိုးလည်း ဖြစ်ပွားတတ်ရာ ထိုရောဂါကြောင့် CMV ဗိုင်းရပ်များ သွေးလည်ပတ်မှုစနစ်မှတစ်ဆင့် ဦးနှောက်အတွင်းသို့ ရောက်သွားနိုင်ပြီး အယ်ဇိုင်းမားရောဂါကို ဖြစ်ပွားစေတတ်သည့် ဇီဝအပြောင်းအလဲများ ဖန်တီးပေးနိုင်ဖွယ်ရှိသည်ဟု သုတေသန ပညာရှင်များက ယူဆထားကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်သည် CMV ဗိုင်းရပ်ကိုတိုက်ဖျက်ရေးဆေးများဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်မှု ရှိ၊ မရှိ အတည်ပြုနိုင်ရေးအတွက် လမ်းစဖွင့်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် သာမန်ရိုးရိုးအားဖြင့် CMV ဗိုင်းရပ်ကူးစက်ခံရမှုကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို တွေးပူရန်မလိုကြောင်း သုတေသန ပညာရှင်များက သတိပေးထားသည်။

Ref : Russia Today

Trs : KKO

## အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာက ဦးနှောက်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိ

နယူးယောက် ဒီဇင်ဘာ ၂၁

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea) သည် ဦးနှောက်ကျန်းမာရေးအပေါ်တွင်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှုရှိနေတတ်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

Sleep Apnea ပြဿနာကို နှလုံးရောဂါ၊ ဆီးချိုနှင့် သွေးတိုးရောဂါများနှင့် ဆက်စပ်နေသော ပြဿနာတစ်ရပ်အဖြစ် သိရှိထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sleep Apnea ပြဿနာသည် ဦးနှောက်ကျန်းမာရေးအပေါ်တွင်လည်း တိုက်ရိုက် အကျိုးသက်ရောက်မှုရှိနေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Sleep Apnea ပြဿနာသည် မှတ်ဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းတို့အတွက် တာဝန်ရှိသည့် ဟစ်ပိုကမ်းပတ်စ် (Hippocampus)ခေါ် ဦးနှောက်နယ်မြေ အရွယ်အစား ပုံမှန်ထက်ကြီးထွားလာမှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Sleep Apnea ပြဿနာရှိသူ ဦးရေ ၂၇၀၀ ခန့်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# IFFHS တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ် ဆွတ်ခူး



**မက်ဒရစ် ဒီဇင်ဘာ ၂၁**

International Federation of Football History & Statistics (IFFHS)က စိစစ်ရွေးချယ် ချီးမြှင့်ပေးအပ်သည့် ၂၀၂၄ ခုနှစ်အတွက် IFFHS တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

IFFHS က တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို နှစ်စဉ် ရွေးချယ်ချီးမြှင့်ပေးအပ်လေ့ရှိပြီး ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ်အတွက် IFFHS တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

IFFHS တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် မဲပေးမှုတွင် ဘယ်လင်ဟမ်က ရမှတ် ၁၃၃ မှတ်ထိရရှိခဲ့ပြီး ၎င်း၏နောက်တွင် မန်စီးတီးအသင်းမှ ဒီဘရိုင်းက ရမှတ် ၉၆ မှတ်၊ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း တိုနီခရူးစ်က ရမှတ် ၇၈ မှတ်၊ ဘိုင်ယန်မြူးနစ်အသင်းမှ မူစီအာလာက ၅၄ မှတ်၊ အင်တာမီယာမီအသင်းမှ မက်ဆီက ၅၃ မှတ်၊ ဘာစီလိုနာအသင်းမှ အိုမိုက ၄၈ မှတ်၊ လေဗာကူဆင်အသင်းမှ ဖလိုရီယန်ဝက်ဇ်က ၃၁ မှတ်၊ ဗယ်လ်ကာနိုအသင်းမှ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ၂၆ မှတ်၊ အင်တာမီလန်အသင်းမှ ကယ်ဟာနိုကိုဂလူက ၁၃ မှတ်နှင့် အာဆင်နယ်အသင်းမှ အိုဒီဂတ်က ၁၃ မှတ်ဖြင့် အသီးသီးရရှိခဲ့ကြသည်။

**Ref : Fabrizio Romano**
**Trs : STA**

# မန်ယူအသင်းက အာမက်ဒီရယ်လိုကို ကနဦး တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၁**

မန်ယူအသင်းက လက်ရှိ နည်းပြ အာမိုရင်လက်အောက်တွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် လူငယ်တောင်ပံကစားသမား အာမက်ဒီရယ်လိုကို ကနဦး တစ်နှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ အာမက်ဒီရယ်လိုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အတ္တလန်တာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် အစောပိုင်းနှစ်များက ကစားခွင့်မရရှိခဲ့ဘဲ ဆန်းဒါးလန်းအသင်းနှင့် ရိန်းဂျားအသင်းတို့ထံ အငှားစာချုပ်များဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

အာမက်ဒီရယ်လိုသည် အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင်လည်း နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် ပွဲကစားခွင့် အနည်းငယ်သာ ရရှိခဲ့သည့်အတွက် အစောပိုင်းက အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

သို့သော် လက်ရှိမန်ယူအသင်းနည်းပြအာမိုရင် လက်အောက်တွင် အာမက်ဒီရယ်လိုအနေဖြင့် ပွဲကစားခွင့်များ ပြန်လည်ရရှိခဲ့ပြီး အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ နည်းပြအာမိုရင်၏ ကစားကွက်တွင်လည်း အဓိကအရေးပါသည့် ကစားသမားအဖြစ် ပါဝင်ခဲ့သည့်အတွက် မန်ယူအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် အာမက်ဒီရယ်လိုတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး မန်ယူအသင်းက လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ပြီး လက်ရှိတွင် ကနဦး တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကာ ဆက်လက်ပြီး ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**
**Trs : STA**



# ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂါလာတာစာရေးအသင်းမှ ထွက်ခွာမည်ဟု တောင်ပံကစားသမား ဇီရက်ချ်ပြောကြား

**အင်ကာရာ ဒီဇင်ဘာ ၂၁**

ဂါလာတာစာရေးအသင်းတွင် နည်းပြနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား ဇီရက်ချ်က လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဟု ပြောကြားခဲ့သည်။

တောင်ပံကစားသမား ဇီရက်ချ်သည် ၂၀၂၃ ခုနှစ် နွေရာသီက ဂါလာတာစာရေး အသင်းသို့ ရောက်ရှိခဲ့ပြီး ကနဦးတွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရသော်လည်း အသင်းတွင် ခြေစွမ်းပြသ၍ အဆုံးအဖြတ်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် အသင်းပရိသတ်များ၏ အားပေးထောက်ခံမှုကို ရရှိခဲ့သည်။

သို့သော် တိုက်စစ်မှူးဇီရက်ချ်သည် ယခုနှစ်တွင် အသင်းနည်းပြ ဘူရက်နှင့် ဆက်ဆံရေးတင်းမာလာခဲ့ကာ ပြိုင်ပွဲစုံ ၁၁ ပွဲတွင် တစ်ပွဲသာ ပါဝင်ကစားခဲ့ရသဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ချ်က"ဂါလာတာစာရေးအသင်းနဲ့ ကျွန်တော်ရဲ့အနာဂတ် ပြီးဆုံးပါပြီ။ ကျွန်တော်ဒီမှာ ဆက်ကစားဖို့ အစီအစဉ်မရှိတာကြောင့် လာမည့်အပြောင်းအရွှေ့မှာ အသင်းက ထွက်ခွာမှာပါ"ဟု ပြောကြားခဲ့သည်။

တောင်ပံကစားသမား ဇီရက်ချ်သည် ၂၀၂၀ ပြည့်နှစ်တွင် အေဂျက်အသင်းမှ ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ချဲလ်ဆီးအသင်းတွင် ချန်ပီယံဆုဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလားတစ်ကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**



# ရီးရဲလ်မက်ဒရစ်အသင်းအဓိကခံစစ်ကစားသမား မန်ဒီ အသင်းနှင့်ပြန်လည်ပူးပေါင်း

**မက်ဒရစ် ဒီဇင်ဘာ ၂၁**

ရီးရဲလ်မက်ဒရစ် အသင်း အဓိက ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် မန်ဒီသည် ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီးနောက် အသင်းနှင့်ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ စတင်လုပ်ဆောင်လျက် ရှိနေကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ မန်ဒီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ အစပိုင်းကလည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

မန်ဒီသည် ပြီးခဲ့သည့် ဒီဇင်ဘာ ၈ ရက်က ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက ဂျီရိုနာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၇၉ မိနစ်၌ ကြွက်သားဒဏ်ရာ ရရှိခဲ့သည့်အတွက် အနားယူနေခဲ့ရသူဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာမှ ပြန်လည်သက်သာ လာခဲ့သောကြောင့် အသင်းနှင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မန်ဒီသည် အသင်းနှင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ခဲ့ပြီးနောက် လာမည့် ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ရန် မသေချာသေးသော်လည်း ဗလင်စီယာအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ပိုင်းတွင် မန်ဒီအနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်လာခဲ့ကာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့သော်လည်း အခြားခံစစ်ကစားသမားဖြစ်သည့် ကာဗာဂျယ်၊ အလာဘာနှင့် မီလီတာအိုတို့မှာ ဆက်လက်အနားယူနေရကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ ဇက်ခ်ဇီး၊ ဟိုက်လန်းတို့၏ စွမ်းဆောင်ရည်ကို သဘောကျခြင်းမရှိသည့် နည်းပြအာမိုရင်က တိုက်စစ်မှူး အိုစီမန်ကို အငှားဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက အသင်းအကယ်ဒမီထွက် ကစားသမား ရာဖာမာရင်ကို နာပိုလီအသင်းမှ ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- လာမည့်နှစ်တွင် ဒွေါမွန်အသင်းအနေဖြင့် ချန်ပီယံလိဂ် ဝင်ခွင့်မရပါက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဂိုးသမားကိုဘယ်ကို ချဲလ်ဆီးအသင်းက ယူရို သန်း ၇၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး မန်စီးတီးအသင်း နိုင်ပွဲဆက်လက်ပျောက်ဆုံး



လန်ဒန် ဒီဇင်ဘာ ၂၁

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇)အဖြစ် အေဗီလာအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် အဝေးကွင်းတွင် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နိုင်ပွဲဆက်လက်ပျောက်ဆုံးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် အဓိက ကစားသမားအများစု ဒဏ်ရာကြောင့် လွဲချော်ခဲ့သကဲ့သို့ အဓိကဂိုးသမား အန်ဒါဆန်လည်း လွဲချော်ခဲ့ရပြီး အဝေးကွင်းတွင် ရုန်းကန်ခဲ့ရကာ ပွဲချိန် ၁၆ မိနစ်တွင် ဒုရမ်က အေဗီလာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် အေဗီလာအသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း အေဗီလာအသင်းက အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်း ခက်ခဲခဲ့ပြီး ပွဲချိန် ၆၅ မိနစ်တွင် လူငယ်ကစားသမား ရော်ဂျာက အေဗီလာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန်နှောင်းပိုင်းတွင် မန်စီးတီးအသင်းက လူစားလဲမှုများဖြင့် တိုက်စစ်မြှင့်ကစားခဲ့ရာမှ ပွဲချိန် ၉၃ မိနစ်တွင် ဖိုဒန်က ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အေဗီလာအသင်းက အိမ်ကွင်းတွင် မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မန်စီးတီးအသင်း အနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် အဓိက ကစားသမားအများစု ဒဏ်ရာရရှိနေမှုကြောင့် ရလဒ်ပိုင်းများလည်း ဆက်တိုက်ဆိုးရွားနေရာ ပြိုင်ပွဲစုံ နောက်ဆုံးကစားခဲ့သည့် ၁၂ ပွဲတွင် နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး ကိုးပွဲထိ ရှုံးနိမ့်ခဲ့ကာ နှစ်ပွဲ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နည်းပြဂွါဒီယိုလာအတွက် ဖိအားများနှင့် ဆက်လက်ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဂိုးသမားဖော်စတာကိုသာ နေရာပေးသွားမည်ဟု စပါးအသင်းနည်းပြ အတည်ပြု

လန်ဒန် ဒီဇင်ဘာ ၂၁

စပါးအသင်းနည်းပြ ပိုစတီကိုဂလူက မီဒီယာတို့အနေဖြင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ဂိုးသမားတစ်ဦးခေါ်ယူရန် အစီအစဉ်မရှိဘဲ လက်ရှိဂိုးသမား ဖော်စတာကိုသာ ဆက်လက် နေရာပေးသွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

လက်ရှိ စပါးအသင်းတွင် အဓိကပွဲထွက် ဂိုးသမားတစ်ဦးဖြစ်သည့် ဗီကာရီယို ခြေချင်းဝတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသည့်အချိန်တွင် ဒုတိယဦးစားပေး ဂိုးသမားဖြစ်သည့် ဖော်စတာသည် အသင်းပွဲထွက်ဂိုးသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ဖော်စတာသည် ပြီးခဲ့သည့် ကွာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် စပါးအသင်းက မန်ယူအသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အမှားအယွင်းများ ကျူးလွန်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် သွင်းယူခဲ့သည့် မန်ယူအသင်းမှ ဇက်ခ်ဇီး၏သွင်းဂိုးသည်လည်း ၎င်း၏ မဖြစ်သင့်သည့် အမှားမှတစ်ဆင့် ဂိုးပေးခဲ့ရသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

မန်ယူအသင်းနှင့် ပွဲစဉ်အပြီးတွင် စပါးအသင်းအနေဖြင့် အဓိကဂိုးသမား ဗီကာရီယိုအနေဖြင့် ကာလရှည် ထပ်မံအနားယူရမည်ဖြစ်သည့်အတွက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဂိုးသမားတစ်ဦး ခေါ်ယူဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နည်းပြ ပိုစတီကိုဂလူက မီဒီယာတို့အနေဖြင့် ဂိုးသမားခေါ်ယူရန် အစီအစဉ်မရှိဘဲ ဖော်စတာကို ယုံကြည်မှုအပြည့်ရှိပြီး ဆက်လက်နေရာပေးသွားမည်ဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# မန်ယူအသင်း နည်းပြအာမိုရင်က ပေါ်တီနိုအသင်းကစားသမား လီယွန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ




မန်ချက်စတာ ဒီဇင်ဘာ ၂၁

မန်ယူအသင်းနည်းပြ အာမိုရင်က ယခုနှစ်ဘောလုံးရာသီ ပထမဆုံး ကစားသမားခေါ်ယူမှုအဖြစ် ပါရာဂွေးကလပ် ပေါ်တီနိုအသင်း ခံစစ်ကစားသမား လီယွန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

မန်ယူအသင်းသည် အသက် ၁၇ နှစ်ရှိခံစစ်ကစားသမားအတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သုံးသန်းသာ ပေးချေမည်ဖြစ်ပြီး ကစားသမား၏ ခြေစွမ်းနှင့် ပွဲကစားခွင့်အပေါ်မူတည်၍ အပိုဆုကြေး ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြအာမိုရင်သည် ခံစစ်ကစားသမား လုဒ်ရှော နှင့် မာလာစီယာတို့ကို ကာလရှည် လက်လွှတ်ခဲ့ရပြီးနောက် တောင်ပံခံစစ်ပိုင်းနှင့် ဗဟိုခံစစ်ပိုင်းသို့ လိုက်ပါနိုင်မည့် လီယွန်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမား လီယွန်သည် ယခုနှစ်ဘောလုံးရာသီ ပါရာဂွေးကလပ် ပေါ်တီနိုအသင်းတွင် ပြိုင်ပွဲစုံ ၂၂ ပွဲ ပါဝင်ခဲ့ရာ၌ သွင်းဂိုး နှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

မန်ယူအသင်းနှင့် အောင်မြင်မှုရယူလိုသည့် နည်းပြအာမိုရင်သည် စပါးအသင်းကို ဖလားပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ရလဒ်ကောင်းရရှိရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# အဝါကတ်တစ်ကြိမ်ထိရုံဖြင့် ဘောက်ဆင်ဒေးကို လွဲချော်နိုင်သည့် ကစားသမားဦးရေ ၄၀ နီးပါးရှိဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၁

ပရီးမီးယားလိဂ် ရာသီဝက်ကာလမပြီးဆုံးမီ အဝါကတ်လေးကြိမ်ထိ ပြသခံရသည့် ကစားသမား ၄၀ နီးပါးရှိနေပြီး လာမည့် ပွဲစဉ်တွင် အဝါကတ်တစ်ကြိမ် ပြသခံရပါက ခရစ္စမတ်ကာလ ကစားရမည့် ဘောက်ဆင်ဒေး ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ကစားသမားတစ်ဦးသည် ပရီးမီးယားလိဂ် ပွဲစဉ် ၁၉ မပြီးဆုံးမီ အဝါကတ် ငါးကြိမ်ပြသခံရပါက တစ်ပွဲပယ်ပြစ်ဒဏ် ကျခံရမည်ဖြစ်၍ လာမည့်ရက်သတ္တပတ်အတွင်း ကစားမည့် ပွဲစဉ်တွင် အဝါကတ်ပြသခံရပါက ပွဲပယ်ပြစ်ဒဏ် ကျခံရမည့် ကစားသမား ၃၉ ဦးထိ ရှိနေခြင်းဖြစ်သည်။

အဆိုပါ ကစားသမားများမှာ လီဗာပူးအသင်းမှ ဒါဝင်နူနက်၊ ဂရာဗင်ဘာ့ခ်၊ ကွန်နာတီ၊ ချဲလ်ဆီးအသင်းမှ ဂျက်ဆန်နှင့် ဆန်းချက်ဇ်၊ အာဆင်နယ်အသင်းမှ ကိုးဆပ်တို့ ပါဝင်နေသည်။

ထို့ပြင် မန်ယူမှ မက်ဂွဲယား၊ မန်စီးတီးမှ ဘာနာဒိုဆေးဗားတို့နှင့် အတူ ဗာဒီ၊ တိုနယ်လီ၊ ရော်ဂျာ၊ ပါကွီတာ၊ ကလိုက်ဘက်၊ လူးဝစ်ကွတ်၊ လာမာ စသည့်ပွဲထွက်ကစားသမားများအပါအဝင် စပါး၊ ဝုဗ်၊ နော်တင်ဟမ်၊ ဆောက်သမ်တန်တို့မှ ကစားသမားများလည်း ပါဝင်နေကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

# AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဗီယက်နမ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီး မြန်မာအသင်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရ

ရန်ကုန် ဒီဇင်ဘာ ၂၁

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စု(B) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက ဗီယက်နမ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းအနေဖြင့် အဓိကကွင်းလယ်ကစားသမား မောင်မောင်လွင် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်လာခြင်းမရှိခဲ့သော်လည်း ကျန်အဓိက ကစားသမားများ အားလုံးပါဝင်ခဲ့ပြီး ဗီယက်နမ်အသင်းကို ရင်ဆိုင်ခဲ့ကာ ပွဲချိန် ပထမပိုင်းတွင် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပြီး ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် အိမ်ရှင် ဗီယက်နမ်အသင်းက ပိုမိုတိုက်စစ်မြှင့် ဖိအားပေးကစားခဲ့မှုကြောင့် မြန်မာအသင်း ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၄၈ မိနစ်တွင် Vi Hao Bui ကလည်းကောင်း၊ ပွဲချိန် ၅၅ မိနစ်နှင့် မိနစ် ၉၀ တွင် Rafaelson ကလည်းကောင်း၊ ပွဲချိန် ၇၄ မိနစ်တွင် Quang Hai Nguyen ကလည်းကောင်း၊ ပွဲချိန် ၈၂ မိနစ်တွင် Nguyen Tien Linh ကလည်းကောင်း ဗီယက်နမ်အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အိမ်ရှင်ဗီယက်နမ်အသင်းက မြန်မာအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အုပ်စုပွဲစဉ် လေးပွဲကစားခဲ့ရာ လာအိုအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်၊ အင်ဒိုနီးရှားအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဗီယက်နမ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ရမှတ် လေးမှတ်ဖြင့် အုပ်စုစတုတ္ထနေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

STA

# လူငယ်များနှင့် နိုင်ငံတော်ကာကွယ်ရေး

မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့သည်။

**ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်**

ထိုအချိန်မှစ၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်သင်ကြားခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင်လည်း သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)သင်တန်းဆင်းပွဲအခမ်းအနားများ ပြုလုပ်ခဲ့သည်။ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

အထူးသဖြင့် သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံသားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိသည်။

**နိုင်ငံသားတိုင်း၏တာဝန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅တွင် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"**ဟု လည်းကောင်း၊ ပုဒ်မ-၃၈၆တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"**ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ နိဒါန်းပိုင်းတွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း"**ဖော်ပြပါရှိသည်။

**ကာကွယ်ရေးအင်အားတောင့်တင်းရန်လို**

အမှန်တော့ နိုင်ငံသားတိုင်း၏အခြေခံစိတ်ဓာတ်သည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုသောစိတ်ဆန္ဒများ ရှိကြသည်။ သို့သော် တည်ငြိမ်အေးချမ်းမှုရှိနေမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် ကာကွယ်ရေးအင်အားတောင့်တင်းရန် လိုအပ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ရှိသေခံညားလောက်သည့် ကာကွယ်ရေးအင်အား ရှိနေမှသာလျှင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သမားများကို ဟန့်တားချေမှုန်းနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့သည် ကာကွယ်ရေးအင်အားချည့်နဲ့သော နိုင်ငံငယ်များကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အကြောင်းပြချက်များဖြင့် စစ်ဆင်ရေးများဆင်နွှဲပြီး ၎င်းတို့မနှစ်သက်သည့် အစိုးရများကို ဖြုတ်ချကာ ရုပ်သေးအစိုးရများ တင်မြှောက်လျက် ကြိုးကိုင်ခြယ်လှယ်လေ့ရှိကြသည်။ ထို့ကြောင့် တိုင်းပြည်ကာကွယ်ရေးအင်အား တောင့်တင်းနေမှသာလျှင် ပြည်တွင်းရှိ အကြမ်းဖက်သမားများနှင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်လိုသူများကို ဟန့်တားနိုင်စွမ်းရှိမည်ဖြစ်သည်။ ထိုသို့ ကာကွယ်ရေးအင်အားတောင့်တင်းရန်သည် ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများစွာ လိုအပ်လျက်ရှိသည်။

ခေတ်သစ်ကိုလိုနီတို့သည် ကာကွယ်ရေးအင်အားချည့်နဲ့သောနိုင်ငံများကို နည်းလမ်းအမျိုးမျိုးဖြင့် စိုးမိုးခြယ်လှယ်လိုကြသည်။ ထို့ကြောင့် ကာကွယ်ရေးအင်အား ချည့်နဲ့လာမည်ဆိုလျှင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တစ်ခဏအတွင်း ဆုံးရှုံးသွားနိုင်သည်။ တိုင်းပြည်လွတ်လပ်ရေးသည် တစ်ခဏအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း ဆုံးရှုံးသွားသည့်လွတ်လပ်ရေး ပြန်လည်ရရှိရန်သည် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ရပ်သကဲ့သို့ အချိန်ကာလအားဖြင့်လည်း ကြာရှည်သည်။

ထို့ကြောင့် ကာကွယ်ရေးအင်အားသည် နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှ အရေးပါလျက်ရှိသည်။ ထို့ပြင် ကာကွယ်ရေးအင်အား တောင့်တင်းနေမှသာလျှင် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဟန့်တားနိုင်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**❖ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅တွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ-၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။ ❖**

**ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းစောင့်ရှောက်ရန်လို**

ဆိုရလျှင် တိုင်းပြည်အတွင်းရှိသည့် နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ်ပင်ဖြစ်သည်။ အမျိုးသားစစ်မှုထမ်းစနစ်သည် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ရသည့် စီမံချက်တစ်ခုပင်ဖြစ်သည်။ အမှန်တော့ နိုင်ငံတော်၏ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားတို့ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏တည်နေရာသည် အချက်အချာကျသည့်နေရာတွင် ရှိနေသဖြင့် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး၊ တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှု တည်ဆောက်ထားရန် လိုအပ်သည်။ အထူးသဖြင့် အနာဂတ်တွင် နိုင်ငံကို ဆက်လက်တည်ဆောက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် မျိုးဆက်သစ်လူငယ်များအတွင်း နိုင်ငံနှင့် လူမျိုးကိုချစ်ခင်သည့်စိတ်ဓာတ်များ စွဲမြဲခိုင်မာနေရန်လိုအပ်သည်။ လူငယ်များကြားတွင် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားလိုသည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းနေရန်လိုအပ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်သားများ၏ တာဝန်သာမဟုတ်ဘဲ ပြည်သူအားလုံးတွင်လည်း တာဝန်ရှိနေပေသည်။ အမှန်တော့ နိုင်ငံတော်လုံခြုံရေးသည် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပေသည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်ရေးအတွက် ဂုဏ်ယူဝံ့ကြွားစွာ စစ်မှုထမ်းဆောင်သွားရန် တိုက်တွန်းအကြံပြုသွားလိုပါသည်။

**လူငယ်များနှင့် နိုင်ငံတော်ကာကွယ်ရေး**

လက်ရှိ နိုင်ငံတော်အခြေအနေအရ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်သည် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အပြင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပါဝင်ထမ်းဆောင်ကြရမည့် အရေးကြီးဆုံး အမျိုးသားရေးတာဝန်ကြီးဖြစ်သည်။ ငြိမ်းချမ်းရေးကို မလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတစ်ဝန်းတွင် အကြောင်းမဲ့အကြမ်းဖက်မှုများလုပ်ဆောင်ပြီး ပြည်သူလူထုကို အကြောက်တရားဖြင့် စိုးမိုးနေသည်။

ထို့ပြင် လက်နက်ကိုင်အဖွဲ့တချို့ကလည်း နိုင်ငံတစ်ဝန်း မတည်မငြိမ်ဖြစ်ပေါ်နေချိန်တွင် အခွင့်ကောင်းယူကာ မြို့ရွာများကိုတိုက်ခိုက်ပြီး နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ သောင်းကျန်းသူများက ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု လမ်း၊ တံတားများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့ကြသည်။ စစ်ဒဏ်သင့်ဒေသများမှ ပြည်သူများသည်လည်း အိုးအိမ်ပစ္စည်းဥစ္စာများ၊ စီးပွားရေးလုပ်ငန်းများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရသည်။ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများစွာဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ကိန်းအောင်းနေရန် လိုအပ်ပေသည်။

ဆိုရလျှင် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အကျုံးဝင်သော မျိုးဆက်သစ်လူငယ်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် စစ်မှုထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# SKYPREMIER HD ရုပ်သံလိုင်းမှ ပန်းကုံ့ကော်ဒိုင်ယာရီ ရုပ်ရှင်ဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် ဒီဇင်ဘာ ၂၁**

SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ပန်းကုံ့ကော်ဒိုင်ယာရီ အမည်ရှိ မြန်မာရုပ်သံ ဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကာ ထုတ်လွှင့် ပြသပေးမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် သရုပ်ဆောင်ထားသူ စိုးရန်အောင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းကုံ့ကော်ဒိုင်ယာရီ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သီတာလင်းက ရေးသားထားပြီး ဒါရိုက်တာ သီတာလင်းက တာဝန်ယူကာ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့တက္ကသိုလ်နောက်ခံ အချစ်ဒရာမာဇာတ်လမ်းတွဲလေးပါ။ အတွေးအခေါ်အယူအဆတွေကွဲပြီး ချစ်လျက်နဲ့ မနီးစပ်နိုင်ကြသေးတဲ့ ဆရာမလေးနဲ့ စီးပွားရေးသမားလေးတို့ရဲ့ အချစ်ဇာတ်လမ်းရယ်၊ လွတ်လပ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ တက္ကသိုလ်ကျောင်းသားဘဝတွေနဲ့ သူငယ်ချင်းသံယောဇဉ်ကနေ ပေါက်ဖွားလာတဲ့ ကြေကွဲဖွယ်ချစ်ဇာတ်လမ်းလေးတွေကို ပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်"ဟု သရုပ်ဆောင်စိုးရန်အောင်က ပြောပြသည်။

အဆိုပါ ပန်းကုံ့ကော်ဒိုင်ယာရီ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စိုးရန်အောင်၊ ဘလိတ် (နေထွဋ်)၊ အေးမြတ်သူ၊ စောယုနန္ဒာ၊ အငြိမ်းဖြူ၊ မျိုးမျိုးခိုင်၊ မေမြတ်ဇင်နှင့် laurel Art Academy မှ ကျောင်းသူ၊ ကျောင်းသားများ ပါဝင်သရုပ်ဆောင်ထားကာ လာမည့် ဒီဇင်ဘာ ၂၃ရက်နေ့မှစတင်ပြီး အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် ည ၈ နာရီ SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# The Housemaid ဇာတ်ကား၌ အီတလီမင်းသား မိုက်ကယ်မော်ရွှန်း ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၁**

lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Housemaid ဇာတ်ကား၌ အီတလီမင်းသားမိုက်ကယ်မော်ရွှန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ ရက်သတင်းများ အရ သိရသည်။

The Housemaid ဇာတ်ကားတွင် မင်းသား မိုက်ကယ်မော်ရွှန်းသည် မင်းသမီး ဆစ်ဒနီဆွင်းနေး၊ အမန်ဒါဆေးဖရိုက် တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Housemaid ဇာတ်ကားကို ဒါရိုက်တာ ပေါဖိတ်ခန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အီတလီမင်းသား မိုက်ကယ်မော်ရွှန်းသည် A Simple Favor 2 ဇာတ်ကား၌ ဒါရိုက်တာ ပေါဖိတ်ခန်နှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

The Housemaid ဇာတ်ကားရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးပေ။

ထို့ပြင် ၎င်းဇာတ်ကား၌ မင်းသား မိုက်ကယ်မော်ရွှန်းပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကိုလည်း မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် ဖြိုးပြည့်စုံ၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ ဂျူဝယ် တို့၏ တေးဂီတဖျော်ဖြေပွဲနှင့်အတူ New Year Countdown ပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် ပြုလုပ်မည်




**ရန်ကုန် ဒီဇင်ဘာ ၂၁**

တေးသံရှင် ဖြိုးပြည့်စုံ၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ ဂျူဝယ် တို့၏ တေးဂီတဖျော်ဖြေပွဲနှင့်အတူ New Year Countdown ပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က ပြောပြ၍ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲနှင့် New Year Countdown ပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် လာမည့် ဒီဇင် ဘာ ၃၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"အိမ့်ချစ်တို့ အနုပညာမောင်နှမတွေနဲ့အတူ DJ Kris , DJ Billioner တို့လဲ ပူးပေါင်းကြမှာမို့ နှစ်သစ်ကူးညက တော်တော်လေးကို ပြည့်စုံနေမှာပါ။ နှစ်သစ်ကို အတူကြိုပြီး သီချင်းတွေ အတူဆိုကြ Countdown တွေလဲ အတူရေတွက်ကြရအောင်"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲနှင့် New Year Countdown ပွဲတော်ကြီးကို Inya Lake Garden တွင် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# The Family Plan-2 ဇာတ်ကား၌ မင်းသား ရီဒါအယ်လာဇိုရာ ပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၂၁**

Apple Original Films ကုမ္ပဏီ၏ The Family Plan-2 ဇာတ်ကား၌ မင်းသား ရီဒါအယ်လာဇိုရာလည်း ပါဝင်လာကြောင်း ဒီဇင်ဘာ ၂၀ ရက်သတင်းများအရ သိရသည်။

The Family Plan-2 ဇာတ်ကားတွင် မင်းသား ရီဒါအယ်လာဇိုရာသည် မင်းသား မာ့ဝေးဘာ့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် The Family Plan-2 ဇာတ်ကားတွင် မင်းသမီး မစ်ချဲမိုနာဟန်၊ မင်းသား ကန်ဟာရှင်တန်တို့လည်း ပါဝင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၌ ရီဒါအယ်လာဇိုရာ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

The Family Plan-2 ဇာတ်ကားကို ဒါရိုက်တာ ဆိုင်မွန်ဆယ်လန်ဂျုံးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Family Plan-2 ဇာတ်ကားသစ်ရုံတင်မည့်ရက်ကို Apple Original Films ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# ရုပ်ရှင်လောကသားများကို နှစ်သစ်ကူးကာလ နှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို နှစ်သစ်ကူးကာလ နှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအား ဆန်နှင့် စားသောက်ကုန်များကို ၁၅ ကြိမ်မြောက်အဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ၁၅ ကြိမ်မြောက်အဖြစ် ဆန်နဲ့ စားသောက်ကုန်တွေကို ပံ့ပိုးပေးအပ်ပွဲကို နှစ်သစ်ကူး နှစ်ဦးအလှူအနေနဲ့ ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ဒီအတွက်လဲ စေတနာရှင် အလှူရှင်တွေက အလှူငွေတွေ လှူဒါန်းထားတာ ရှိပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ရုပ်ရှင်လောကသားများကို နှစ်သစ်ကူးကာလ နှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးအပ်နိုင်ရန် အလှူရှင် ဦးကျောက်တောင် မိသားစု (နေလရတနာကုမ္ပဏီ) က ငွေကျပ် ၁၀ သိန်းကို ဒီဇင်ဘာ ၂၀ ရက်က လှူဒါန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များက ယခုနှစ် ဧပြီလကလည်း ၁၄ ကြိမ်မြောက်အဖြစ် ရုပ်ရှင်နယ်ပယ် အသီးသီးရှိ ရုပ်ရှင်လောကသားများကို အလျှာအလိုက် ဆန်၊ ဆီ၊ စားသောက်ကုန်များကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**ASH**

# Pathein District plans to grow more than 13,000 acres of vegetables this season


A vegetable plantation.

**Pathein December 21**

In the Ayeyawady Region, Pathein District, during this year's winter crop planting season, a total of 13,911 acres will be cultivated with various vegetables, according to Daw Aye Aye Mu, the head of the Pathein District Department of Agriculture.

It is reported that in the current year's winter planting season in Pathein District, a total of 13,911 acres of various vegetables will begin planting in the third week of December. The 13,911 acres of vegetables will be distributed as follows: 1,225 acres in Pathein Township, 2,309 acres in Kangyidaunt Township, 4,452 acres in Thabaung Township, and 5,925 acres in Ngaputaw Township.

During this year's winter crop season, in Pathein District, approximately 13,900 acres of vegetables will be cultivated. This year, farmers are prioritizing high yields, selecting the right seeds, and ensuring they plant vegetables that can grasp shares of the market. Additionally, efforts are being made to protect the crops from pests and diseases, along with other agricultural technologies being provided. These initiatives are being carried out in collaboration with the Department of Agriculture, said Daw Aye Aye Mu, the head of the Pathein District Agriculture Department.

In Pathein District, a total of 13,991 acres of various vegetables are being cultivated in collaboration with the Department of Agriculture and local farmers. The crops being planted on these 13,991 acres include cauliflower, coriander, bean, eggplants, gourds, ladyfinger, bitter gourds, mung beans, soybeans, and other such vegetables. Kyaw Kyaw Lin

# Ridge gourd marketable in Kyaunggon Township due to high demand

**Kyaunggon December 21**

In Ayeyawady Region's Kyaunggon Township, the locally grown ridge gourds have seen strong demand and active trading, according to Daw Aye Mar, a green grocery trader from Kyaunggon Township.

She stated that the sale and purchase of these locally grown ridge gourds began in the first week of December and continues actively to this day. Currently, daily purchases range from 25,000 to 35,000 gourds, reflecting high demand and improved trade. The price for 100 gourds is reported to be around K27,000.

"Ridge gourds produced in this area are in high demand from other townships. Currently, around 35,000 ridge gourds are being traded daily. These ridge gourds are a local product of Kyaunggon Township. The ones selling well now are of high quality. Being a local product, they are affordable, clean, and fresh for consumption. Other regions are actively buying ridge gourds from this area's green grocery market. This growing demand for locally produced ridge gourds is creating more opportunities for farmers cultivating fruits and vegetables," said Daw Aye Mar, a green grocery market trader from Kyaunggon Township.


Ridge gourds for sale at a market.

It has been reported that in Kyaunggon Township, this is a time when seasonal local vegetables, including ridge gourds, are thriving. Due to the strong demand and brisk sales of these ridge gourds, plans are being made to expand cultivation. Since only locally produced goods are sold, transportation costs are reduced, and transactions involve only fresh produce, offering various benefits.

Kyaw Kyaw Lin

# Khamti Township cultivates 750 acres of winter groundnuts

**Khamti December 21**

A total of 750 acres of groundnut have been planted during this year's winter crops planting season in Khamti Township, Khamti District, Sagaing Region, according to statistics from the Department of Agriculture for Khamti Township.

During the 2024-2025 winter crops planting season, 750 acres of groundnuts are planned to be planted in Khamti Township, and since October this year, 750 acres have been planted.

"Groundnuts are growing successfully. As for oil crops, it is in a successful position. We don't plant peanuts in rainy season. We plant them in the winter," said Daw Su Su Khaing, head of the Department of Agriculture for Khamti Township.

In Khamti Township, when planting groundnuts, one acre is planted with half a basket of seeds, and it cost more than 200,000 kyats including the cost of seeds and labour, fertilizer and pesticide costs. If one acre is planted, it yields more than 50 baskets.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Htigyaing Township cultivates over 4,000 acres of winter soybeans

**Htigyaing December 21**

A total of 4,655 acres of soybeans have been planted at the time of this year's winter crops planting season in Htigyaing Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Htigyaing Township.

During the 2024-2025 winter crops planting season, 4,605 acres of soybeans are planned to be planted in Htigyaing Township, and since October this year, 4,655 acres have been planted.

"We will provide education to ensure that there is no pest infestation. We have also encouraged farmers to get the necessary seedlings and know about them," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

The Township Department of Agriculture has advised the farmers to obtain a clean breed suitable for the region, to have correct planting method, to control pest, to use fertilizers properly and to improve yield.

It is reported that the department is cooperating with the farmers to have good varieties and inputs needed for good yield and provide technology after the harvesting time.

206


A thriving soybean plantation.

# More than 90,000 acres of monsoon paddy harvested in Wakema Township


Paddy being harvested using machinery.

**Wakema December 21**

Daw Khin Htay Myint, Head of Myaungmya District Agriculture Department, said that a total of 96,102 acres of monsoon paddy has been harvested in Wakema Township of Ayeyawady Region.

Local farmers planted 213,216 acres of paddy in Wakema Township in monsoon of 2024 and haveso far harvested 96,102 acres of paddy, yielding 93.22 baskets of paddy per acre.

In Wakema Township, during the monsoon crop planting season, a total of 21,316 acres of monsoon paddy were cultivated. The crops were reaped starting around October of this year. As of today, 96,102 acres of paddy fields have been harvested. The yield per acre was good, and the quality of the paddy was also excellent. In townships within the district, including Wakema Township, the respective Township Agriculture Departments have been implementing agricultural extension programmes for farmers even before the start of monsoon paddy cultivation. Moreover, farmer awareness was raised for systematic use of fertilizers. As a result, the harvested paddy met both yield and quality," she explained.

Local farmers prefer to use Hsinthukha, GW-11, Pakham GW-3, Ayeyamin, Hmawby-1, Thai Baygya, 90-day short matured, Theehtetyin, Nwankar, Hmawby-3, New Aca-1 and GW-18 paddy strains. Officials of Agriculture Department, Irrigation and Water Utilization Management Department, Agricultural Mechanization Department and officials cooperate with local farmers in harvesting paddy at full capacity.

Kyaw Kyaw Lin

# U.S. delegation meets new Syrian leadership in Damascus

**Damascus December 21**

A high-level U.S. delegation met with Ahmad al-Shara, the commander of Hayat Tahrir al-Sham (HTS), on Friday.

In a statement, the U.S. State Department said the diplomats "will be engaging directly with the Syrian people ... about their vision for the future of their country and how the United States can help support them."

The officials are Barbara Leaf, the assistant secretary of state for Near Eastern affairs; Roger D. Carstens, the special presidential envoy for hostage affairs; and Daniel Rubinstein, former special envoy for Syria.

Syria's local news outlet al-Watan Online said the meeting will discuss sanctions relief on Syria and the possible removal of the HTS from international terrorism lists.

The rare U.S. diplomatic engagement with al-Shara in the Syrian capital reflected a rapidly changing political environment following the fall of Syria's Bashar al-Assad's government nearly two weeks ago.

The U.S. team's arrival in Syria follows a flurry of visits by UN officials and European delegations from Britain, France, and Germany, signaling a concerted effort by international players to influence the shape of Syria's post-conflict governance.

The al-Assad government collapsed as a militant coalition led by the HTS captured the capital Damascus earlier this month. The HTS is still classified as a terrorist group by the United Nations, the United States, and Türkiye, among others.

Xinhua

# More than 70,000 viss of dried swimbladder sent to Yangon market in November

**Pyapon December 21**

In Pyapon Township of Ayeyawady Region, Daw Thida, a business owner in Pyapon Township Seawater Dried Fish Market, said that local businesspersons were able to sell up to 73,000 dried Swimbladder pieces to the Yangon market in November.

They sold 55,000 viss of dried swimbladder to Yangon in October, compared to 73,000 viss in November.

"Swimbladders were taken out from seawater fish and systematically processed to keep them under sunray. Due to high demand from Yangon market starting from the first week of November, local fishermen and businesspersons supplied dried swimbladder to Yangon market. Restaurants and hotels purchase dried swimbladders from Yangon market with greater offers," said Daw Thida.

In Yangon market, dried swimbladder of conger eel fetched K88,000 per viss, Natgadaw fish K79,000, sea catfish K34,500 and croaker K75,000 per viss depending on size and quality.

Kyaw Kyaw Lin


Photo shows dried swimbladders.

# Myinmu Township cultivates over 19,000 acres of rain-fed sesame

**Myinmu December 21**

A total of 19,053 acres of rain-fed sesame planted this year in the rainy season in Myinmu Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing District Department of Agriculture.

During the 2024-2025 rain crops planting season, 19,053 acres of sesame seeds were planted in Myinmu Township, and the sesame plantations have been harvested since August of this year, yielding18 baskets per acre.

"The yield is good. We have been able to expand the acreage of sesame cultivation, have good yield, and have worked to cultivate with the GAP system," said Daw Thida Lwin, head of the Department of Agriculture for Sagaing District Department of Agriculture.

This year, the township Department of Agriculture has given knowledge to the farmers growing sesame in Myinmu Township to expand sesame cultivation, to use cultivation methods, to make cultivation with GAP methods, and to plant pure varieties with good yield.

206

# U.S. House passes stopgap funding bill to avert gov't shutdown

**Washington December 21**

The U.S. House of Representatives on Friday passed a new stopgap spending bill after scrambling for new plans following U.S. President-elect Donald Trump's last-minute intervention, likely averting a government shutdown just hours before the deadline.

The lower chamber voted 366-34 to approve the bill, which would fund the government at the current levels until mid-March, providing lawmakers with additional time to negotiate new spending bills. All lawmakers voting to oppose this bill are Republicans.

Earlier this week, the House unveiled a 1,500-page bill, which would allow the government to maintain its current spending levels until March 14. It also included 100 billion dollars in disaster relief, a one-year extension of the farm bill with an extra 10 billion dollars in aid for farmers.

Trump opposed the bipartisan bill, calling for "a streamlined spending bill that doesn't give the Democrats everything they want," and requesting the addition of terms that increase the debt ceiling.

House Speaker Mike Johnson and other Republican leaders then rushed to come up with a Plan B -- a 116-page bill that would fund the government at the current levels until March 14, including the 100 billion disaster relief and 10 billion in economic aid to farmers, while stripping away a number of policy provisions in the original deal. It would also extend the nation's debt limit through Jan. 30, 2027, as requested by Trump.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းက ရုရှားနိုင်ငံတောင်ပိုင်းရှိ ဓာတုစက်ရုံကို အမေရိကန်ထုတ်ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့



ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံတောင်ပိုင်း Rostov ဒေသရှိ ဓာတုစက်ရုံတစ်ရုံကို အမေရိကန်ထုတ် ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ယူကရိန်းနိုင်ငံသည် အမေရိကန်နိုင်ငံထုတ် ATACMS နည်းဗျူဟာမြောက် ဒုံးကျည်ခြောက်စင်းနှင့် ဝေဟင်မှပစ်လွှတ်သည့် Storm Shadow ခရုဇ်ဒုံးကျည်လေးစင်းတို့ကို ဒီဇင်ဘာ ၁၈ ရက် တိုက်ခိုက်မှုတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် S-400 နှင့် Buk-M3 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များအပြင် Pantsirလေကြောင်းရန်ကာကွယ်ရေးစနစ်တို့ကိုအသုံးပြု၍ ATACMS ဒုံးကျည်အားလုံးနှင့် Storm Shadow ခရုဇ်ဒုံးကျည် လေးစင်းအနက် သုံးစင်းကို အောင်မြင်စွာ ကြားဖြတ်ပစ်ချနိုင်ခဲ့ပြီး Storm Shadow ဒုံးကျည် တစ်စင်းသည် စက်ရုံပရဝဏ်ကိုထိမှန်ခဲ့၍ နည်းပညာဆိုင်ရာအဆောက်အအုံတစ်ခုပျက်စီးသွားခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

အနောက်အုပ်စုနိုင်ငံများက ပံ့ပိုးပေးထားသော လက်နက်များအသုံးပြု၍ ယူကရိန်းအစိုးရ၏အကြမ်းဖက်တိုက်ခိုက်မှုများကို ရုရှားက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့သည်။ ယခုတိုက်ခိုက်ခံခဲ့ရသော Kamensky စက်ရုံသည် ရုရှားနိုင်ငံတောင်ပိုင်းရှိ အကြီးဆုံးဓာတုဗေဒလုပ်ငန်းစုများထဲမှ တစ်ခုလည်းဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရုရှားနိုင်ငံ၏ အရေးပါသော ကာကွယ်ရေးစွမ်းရည်များ အားကောင်းစေရန်အတွက် မရှိမဖြစ်လိုအပ်သော ဓာတုဗေဒပစ္စည်းများကို ထုတ်လုပ်ပေးနေသည့် စက်ရုံတစ်ရုံလည်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတကာ အသိအမှတ်ပြု ရုရှားပိုင်နက်ကို ယူကရိန်းနိုင်ငံက အမေရိကန်ထုတ် ဒုံးကျည်များ အသုံးပြု၍ တိုက်ခိုက်မှုများအပေါ် လက်တုံ့ပြန်မှုအနေဖြင့် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တော်ရှိ ပစ်မှတ်များကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကိုကိုးကား၍ ရေးသားဖော်ပြခဲ့သည်။

အဆိုပါလက်တုံ့ပြန်မှုတွင် ရုရှားစစ်ဘက်သည် ယူကရိန်းစစ်ဘက်ကွပ်ကဲမှုဗဟိုဌာနချုပ်ကို တိုက်ခိုက်ခဲ့ပြီး အမေရိကန်က ပံ့ပိုးပေးထားသော Patriot လေယာဉ်ပစ်ဒုံးကျည်စနစ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ယူကရိန်းအစိုးရရဲ့လုပ်ရပ်ကို တုံ့ပြန်တဲ့အနေနဲ့ တာဝေးပစ် တိကျပဲ့ထိန်းလက်နက်တွေနဲ့ ပေါင်းစပ်တိုက်ခိုက်မှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ပါတယ်"ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါ တိုက်ခိုက်မှုတွင် Neptunနှင့် Olkhaဒုံးကျည်စနစ်များထုတ်လုပ်သည့် ယူကရိန်းမြို့တော်ရှိ Luch ကာကွယ်ရေးစက်မှုလုပ်ငန်း ဒီဇိုင်းဗျူရိုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားသော ရည်မှန်းချက်များအတိုင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ဖော်ပြထားသေးသည်။ ကီယက်ဗ်မြို့ရှိ နေရာအများအပြားတွင် ဒီဇင်ဘာ ၂၀ ရက်နံနက်ပိုင်းက ကျယ်လောင်သောပေါက်ကွဲသံများကြားခဲ့ရသည်ဟု မျက်မြင်သက်သေများက ပြောကြားခဲ့ကြကြောင်း သိရသည်။

**Ukraine uses US ATACMS to strike chemical plant in southern Russia – MOD** ကို ဘာသာပြန်ဆိုထားပါသည်။

## ဗီယက်နမ်တပ်မတော်က ကာကွယ်ရေးပြပွဲတွင် လျှပ်စစ်စွမ်းအင်သုံးတိုက်ခိုက်ရေးဒရုန်းကို မိတ်ဆက်ပြသခဲ့

ဗီယက်နမ်နိုင်ငံ Defense Expo 2024 ကာကွယ်ရေးပြပွဲတွင် ဗီယက်နမ်တပ်မတော်သည် ၎င်းတို့၏ နောက်ဆုံးဆန်းသစ်တီထွင်မှုဖြစ်သည့် နည်းဗျူဟာမြောက် လျှပ်စစ်စွမ်းအင်သုံး VU-C2 Loitering Munition တိုက်ခိုက်ရေးဒရုန်းကို မိတ်ဆက်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းကို ခြေလျင်တပ်ဖွဲ့များနှင့် အပေါ့စားစစ်ဘက်သုံးယာဉ်များကဲ့သို့ မြေပြင်ပစ်မှတ်များကို တိကျစွာနှင့် တိတ်တဆိတ် လျှပ်တစ်ပြက် တိုက်ခိုက်ချေမှုန်းနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားပြီး အဆင့်မြင့် စစ်ဘက်နည်းပညာတွင် ဗီယက်နမ်နိုင်ငံ၏ တိုးတက်နေသော စွမ်းရည်များကို ဖော်ညွှန်းပြသနေခြင်းလည်းဖြစ်သည်။

VU-C2 တိုက်ခိုက်ရေးဒရုန်းသည် စစ်မြေပြင်တိုက်ပွဲဝင်ထိရောက်မှုအတွက် အံဝင်ခွင်ကျဖြစ်စေသော အင်္ဂါရပ်များစွာပိုင်ဆိုင်ထားသည်။ လျှပ်စစ်အင်ဂျင်တပ်ဆင်ထားသောကြောင့် ဆူညံသံနည်းပါးသည့်အတွက် လျှို့ဝှက်စစ်ဆင်ရေးများတွင် စံနမူနာပြဖြစ်စေပြီး ရန်သူ့ကာကွယ်ရေးစနစ်များအတွက် မျက်မြင်နှင့် အသံပိုင်းဆိုင်ရာ ထောက်လှမ်းတွေ့ရှိနိုင်ရန် လျော့နည်းစေမည်ဖြစ်သည်။

တောင်ပံအရှည် ၁ ဒသမ ၅ မီတာနှင့် ကိုယ်ထည်အရှည် ၁ ဒသမ ၁ မီတာရှိသော VU-C2 တိုက်ခိုက်ရေးဒရုန်းသည် ပေ့ါပါးပြီး အမြင့်ဆုံးပျံတက်နိုင်သည့်အလေးချိန် ရှစ်ကီလိုဂရမ်သာရှိသည်။ ကျစ်လျစ်ပေ့ါပါးသောဒီဇိုင်းဖြင့် တည်ဆောက်ထားသော်လည်း ၎င်းသည် စွမ်းဆောင်ရည်မြင့်မားကောင်းမွန်စွာ အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ထိ ရောက်ရှိပျံသန်းနိုင်ကာ လေထဲတွင် မိနစ် ၄၀ ကြာ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။ ဒရုန်းတွင် တန်ဖိုးမြင့်မားသော ပစ်မှတ်များကို စိစစ်ခွဲခြားသတ်မှတ်နိုင်ပြီး တိုက်ပွဲဝင်ရာတွင် တိကျသေချာမှုရှိစေရန် Optoelectronic အာရုံခံကိရိယာ တပ်ဆင်ပေးထားသည်။ ၎င်း၏ AI နည်းပညာသုံး Detection Algorithm သည် ပစ်မှတ်များကို တိကျစွာ ရှာဖွေထောက်လှမ်းဖော်ထုတ်၍ တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။

ကာမီကာဇီဒရုန်းများဟု မကြာခဏ ရည်ညွှန်းလေ့ရှိသော VU-C2 ဒရုန်းများသည် ၎င်းတို့၏ နှစ်မျိုးသုံးနိုင်သော စွမ်းဆောင်ရည်များကြောင့် ခေတ်သစ်စစ်ပွဲတွင် တန်ဖိုးကြီးမားသည့် လက်နက်ကိရိယာများ ဖြစ်လာခဲ့ကြပြီဖြစ်သည်။ ၎င်းတို့သည် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့်အတူ တိကျသောတိုက်ခိုက်ရေးလုပ်ဆောင်နိုင်စွမ်းရှိ



သည့်အတွက် တပ်ရင်း၊ တပ်ဖွဲ့များ ဘေးအန္တရာယ်ကင်းရှင်းစွာ အရေးကြီးပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ ၎င်းတို့၏ စစ်ဆင်ရေး ပြောင်းလွယ်ပြင်လွယ်ရှိမှု၊ ဈေးနှုန်းအရ တတ်နိုင်မှု၊ တိုက်ပွဲဝင်ထိရောက်မှုတို့သည် ၎င်းတို့၏ စစ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ကြိုးပမ်းနေသည့် နိုင်ငံများအတွက် အထူးဆွဲဆောင်မှုဖြစ်စေခဲ့သည်။

ဗီယက်နမ်တပ်မတော်အတွက် VU-C2 တိုက်ခိုက်ရေးဒရုန်းများသည် အလားအလာရှိသော လုံခြုံရေးစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာနိုင်ကြောင်း သိရသည်။

**Vietnam Introduces Electric-Powered VU-C2 Loitering Munition at Defence Expo 2024** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်းက နှံကားစပါးတင်းရေ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ နှံကားစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးက အကြမ်းအုပ်စုထဲမှာပါပါတယ်။ အကြမ်းဆိုပေမဲ့ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ နှံကားစပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး''ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀ ထိ စျေးပေါက်ပြီး အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျွန်းလှ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းအောင်၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေဆောင်ရွက်ပေးနေပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။



ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းရှူးမြို့နယ် လွိုင်ခမ်းကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းနေမှု စစ်ဆေး

**မိုင်းရှူး ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် လွိုင်ခမ်းကျေးရွာ၌ မြေသားလမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမင်းဦးနှင့်အင်ဂျင်နီယာဝန်ထမ်းများက လွိုင်ခမ်းကျေးရွာ၌ မြေသားလမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လွိုင်ခမ်းကျေးရွာ၌ လမ်းအရှည်ပေ ၂၉၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားလမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွှန့်**






## မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၂၁-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

(သာ စက်သုံးဆီဆိုင်၏ စျေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းစျေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# စားရေရိက္ခာဖူလုံရေး၊ ပို့ကုန်တိုးတက်ထုတ်လုပ်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဆီထွက်သီးနှံ အထူးဇုန်တာဝန်ခံများနှင့် သင်တန်းကျောင်းတာဝန်ခံများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန်တိုးတက်ထုတ်လုပ်ရေးနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရက မူဝါဒများချမှတ်ဆောင်ရွက်ပေးခြင်းနှင့်အတူ လိုအပ်ချက်များကိုလည်း ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် လယ်ယာကဏ္ဍ၏ စိုက်ပျိုးထုတ်လုပ်မှု သိသာစွာတိုးတက်ပြောင်းလဲလာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တောင်သူများနှင့် အနီးကပ် ထိတွေ့ဆောင်ရွက်ကြရသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၏ စွမ်းဆောင်နိုင်မှု အရည်အချင်းသည် အဓိကကျသဖြင့် မျိုး၊မြေ၊ရေ၊ နည်းပညာဆိုင်ရာလုပ်ငန်းများနှင့်အတူ သီးနှံများအထွက်နှုန်းတိုးတက်ရေး အရည်အသွေးကောင်းမွန်စေရေး ဈေးကွက်ခိုင်မာရေး ဈေးကောင်းရရှိရေး အပါအဝင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်လိုစိတ်ကို ထိရောက်စွာမြှင့်တင်ပေးနိုင်မည့် တောင်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေရေး အစီအမံများ ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရေး၊ဌာနပိုင်အဆောက်အအုံများငှားရမ်းရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ ပညာရှင်များသုတေသီများနှင့် တောင်သူများအကြား စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ အစည်းအဝေးတက်ရောက်လာကြသူများက ဆန်စပါးနှင့် ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ စက်မှုကုန်ကြမ်းသီးနှံနှင့် ဈေးကွက်ရှိ သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံအလိုက် စိုက်ဧကနှင့် အထွက်နှုန်းဆိုင်ရာ အခြေခံစာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# CHID Bank ၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် -CHID Bank(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ CHID Bank(ရုံးချုပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ CHID ဘဏ်နာယကဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊CHID Bank ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ဘဏ်အစုရှယ်ယာရှင်များ၊ စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က CHID Bank ကို နိုင်ငံတော်၏ ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ၂၀၁၃ ခုနှစ် မေလတွင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဘဏ်လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ နှစ်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် စနစ်တကျလိုက်နာဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူများ စိတ်ချယုံကြည်အားကိုးရသောဘဏ်အဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တိုးတက်ပြောင်းလဲလာသောနည်းပညာများနှင့်အညီ Digital Banking စနစ်ဖြင့် လုပ်ဆောင်နိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ်အမှုဆောင်အရာရှိချုပ်နှင့် စာရင်းစစ်အဖွဲ့မှတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ၂၀၂၄ -၂၀၂၅ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်၏ပြင်ပစာရင်းစစ် အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူခြင်း၊ဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များကို အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်ခြင်းနှင့်အမည်စာရင်း အတည်ပြုကြေညာခြင်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း၊ အခကြေးငွေသတ်မှတ်ခြင်း၊ အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသော မေးခွန်းများနှင့် အကြံပြုချက်များ ပြန်လည်ဖြေကြားခြင်း၊ စာရင်းစစ်ကော်မတီဝင်များခန့်အပ်ခြင်း၊ အတည်ပြုချက်ရယူခြင်းနှင့် အမည်စာရင်းကြေညာခြင်းတို့ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ငါးထပ်အဆောက်အအုံကို မူလရှေးပုံစံမပျက်အကြီးစား ပြင်ဆင်လျက်ရှိသည့် လုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြုဆုရအားကစားသမားများကို ဂုဏ်ပြုဆုငွေများချီးမြှင့်






**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲနှင့်ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် တတိယဆုရရှိခဲ့ကြသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများ ဂုဏ်ပြုဆုငွေများ ပေးအပ်ပွဲနှင့် ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အုပ်ချုပ်သူနည်းပြများနှင့်အားကစားသမားများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ၌ တတိယဆုရခဲ့သော ဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်းမှ အုပ်ချုပ်သူ၊နည်းပြများ၊ အားကစားသမားများထံ ဆုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အလယ်တန်းကစားသမားဆုရ ကျောနံပါတ် ၂၃ အသင်းခေါင်းဆောင် အောင်အောင်ဦးအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပေးအပ်ရာ အားကစားသမားများက လက်ခံရယူကြပြီး ဂေါက်သီးရိုက်အားကစားသမားများကိုယ်စား အုပ်ချုပ်သူအဖွဲ့ဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် ဘောလုံး အားကစားသမားများကိုယ်စား အုပ်ချုပ်သူအဖွဲ့ဝင် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် တတိယဆုတံဆိပ်ရယူပေးခဲ့သော အားကစားသမားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများကို ဂုဏ်ပြုအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်ဆောင်ရွက်သည့် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၊ အထောက်အကူပြုကျန်းမာရေးဝန်ထမ်းများ၊ ပံ့ပိုးအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုတွင် ဆေးကုသရေးလုပ်ငန်းအတွက် နေပြည်တော်ရှိကျန်းမာရေးဝန်ထမ်းများသာမက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျန်းမာရေးဝန်ထမ်းများပါ စုစည်းဖွဲ့စည်းခဲ့ပါကြောင်း၊ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသာမက တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများပါ စုဖွဲ့၍ လူအင်အား ၃၀၀ နီးပါး ဆေးအဖွဲ့များဖွဲ့စည်းကာ ပါဝင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုမရှိအောင် စီမံအုပ်ချုပ်မှုဆောင်ရွက်ပေးသော တာဝန်ရှိသူများအားလုံးကိုကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအားကစားပြိုင်ပွဲ ကာလတစ်လျှောက်လုံးတွင် လူနာဦးရေ ၅၈၀၀ ကျော်ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အားကစားပြိုင်ပွဲများတွင် ထိခိုက်မှုလူနာ ၁၃၇၁ ဦး၊ တိုင်းရင်းဆေးခန်းတွင် လူနာ ၁၄၈၇ ဦး၊ အထူးကုဆေးခန်းများတွင် လူနာ ၉၂ ဦး၊ တည်းခိုနေထိုင်သည့် နေရာများတွင် ၂၃၁၄ ဦး၊ ဖျော်ဖြေရေးအဖွဲ့များလေ့ကျင့်ခြင်းနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင် ၅၅၇ ဦး၊ ဆေးရုံတက်ရောက်ကုသသူ ၄၂ ဦးတို့ကို ကုသမှုများပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အိမ်ပြင်ပဥ္စ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(မန္တလေး) မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာနည်းပညာဆိုင်ရာထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုပြပွဲ၊ နည်းပညာဟောပြောပွဲကျင်းပ




**မန္တလေး ဒီဇင်ဘာ ၂၁**

အင်ဂျင်နီယာပိုင်းဆိုင်ရာ အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေး)၊မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာနည်းပညာဆိုင်ရာထုတ်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများပြပွဲ၊ နည်းပညာများဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးမြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းခွဲ(မန္တလေး)တို့မှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အသင်းဝင်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေး)တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ပြခန်းများနှင့် ဝန်ဆောင်မှုပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၎င်းနောက် အခမ်းအနားကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေး)ဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်တို့က အင်ဂျင်နီယာပညာများ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့်အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့်တာဝန်ရှိသူများက အင်ဂျင်နီယာ နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အင်ဂျင်နီယာများ၊အင်ဂျင်နီယာ နည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက လှူဒါန်းသည့်အလှူငွေများကိုလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေး)၊ မန္တလေးတိုင်းဒေသကြီးအင်ဂျင်နီယာနည်းပညာဆိုင်ရာထုတ်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများပြပွဲ၊ နည်းပညာများဟောပြောပွဲများကို ဒီဇင်ဘာ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြခန်းပေါင်း ၃၅ ခန်းပြသထားပြီး နည်းပညာများဟောပြောပွဲတွင် အင်ဂျင်နီယာကောင်စီနှင့်ပတ်သက်သည့် ကောင်စီနည်းဥပဒေများအကြောင်းနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ဆွေးနွေးတင်ပြခြင်း အကြောင်းများကို အင်ဂျင်နီယာပညာရှင် ၁၂ ဦးတို့က ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# (၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်းများအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်း၊ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ၊အသင်းသားများနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ခဲ့မှုသမိုင်းကြောင်း မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးသူပြည်သူများ စားသုံးဆီမပြတ်လပ်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသည့် စားသုံးဆီများ ဖြန့်ဖြူးနိုင်ရေးကို အသင်းက ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတော်အစိုးရ၊ စားသုံးသူများနှင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အကြား ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့ဆိုင်ရာ ထုတ်လုပ်မှုတို့တွင် အသင်းမှ ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အသင်းသည် အသင်းသူ၊အသင်းသားတို့၏ အကျိုးစီးပွားကို အစဉ်ပံ့ပိုးပေးလျက်ရှိပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း နိုင်ငံတော်အဖွဲ့အစည်းများနှင့် အတူဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအေးဝင်းတို့က နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ၂၀၁၃-၂၀၁၄ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာ၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို တာဝန်ရှိသူများက တင်ပြကြကာ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဖော်ကကျေးဇူးတင်စကားပြောကြားသည်။

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ပြခန်းပေါင်း ၁၅ ခန်း ပါဝင်ပြသခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြခန်းများကိုလှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကို ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့ထိ အသင်းဝင်ပေါင်း ၉၀၀၀ ကျော်ရှိကာ အသင်း၏အဓိကမျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ။**

# နှစ်(၅၀)ပြည့်ရွှေရတု အာခါအမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နှစ်(၅၀)ပြည့်ရွှေရတု အာခါအမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် ကျိုင်းလိတ်ကျေးရွာ ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအသင်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နှစ်(၅၀)ပြည့်ရွှေရတု အာခါအမျိုးသားနေ့အထိမ်းအမှတ်အင်္ကျီများကို အာခါအမျိုးသားအကြီးအကဲက ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ်(၅၀)ပြည့်ရွှေရတု အာခါအမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ဒီဇင်ဘာ ၂၃ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှစ်(၅၀)ပြည့်ရွှေရတု အာခါအမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၈ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။


ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)


**မုန်တိုင်းငယ်မှ**

မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများ၌ နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)




## နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မော်ဘီမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အုပ်စု ကြာကန်ကျေးရွာရှိ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အဆိုပါကျေးရွာရှိ သင်တန်းကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်ရှိ သံဃာတော် ၁၃၈ ပါးနှင့် ဒေသခံပြည်သူ ၄၁ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ ပတ္တမြားကျောင်းတိုက်၌လည်းကောင်း လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီမှ ဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပသည်။

လူထု စုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထုများနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းမှစတင်၍ ဥပ္ပါတသန္တိစေတီတော် ပတ်လမ်းတစ်လျှောက် လက်ယာရစ် စုပေါင်းလမ်းလျှောက်၍ တပေါင်းကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒီဇင်ဘာ အားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲစဉ်။

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယ ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၃၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄၄ ဒီဂရီဖာရင်ဟိုက်မှ ၅၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၁၈ မီလီမီတာမှ ၂၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် စိုစွတ်အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်သွေ့အခြေအနေအသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်များပြုပြင်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်ရှိ ကန်တော်လေးရေလှောင်ကန် ရေသိုလှောင်ထားရှိမှုအခြေအနေများ၊ ကန်ပေါင်နှင့် ဆက်စပ်အဆောက်အအုံများ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ကန်တော်ကြီးရေလှောင်ကန်ပေါင်နှင့် ရေပိုလွှဲကြံ့ခိုင်မှုအတွက် ဝင်ရေထွက်ရေ ထိန်းညှိစီမံဆောင်ရွက်မည့်အခြေအနေများ၊ ရေပိုလွှဲကြံ့ခိုင်မှုအခြေအနေ၊ တည်ဆောက်သင့်သည့် အကူရေပိုလွှဲ တည်ဆောက်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒိုးကွင်ရေလှောင်တမံသို့ ရောက်ရှိရာ ရေလှောင်တမံ၊ ပင်မရေပိုလွှဲ၊ အကူရေပိုလွှဲ ကြံ့ခိုင်မှုအခြေအနေများ၊ ရေထုတ်ပြွန်၊ ရေပေးမြောင်းမှ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင် ထွက်သီးနှံဌာနခွဲ ပိုးချည်စက်ရုံ(ပြင်ဦးလွင်) သို့ရောက်ရှိကာ ပိုးချည်ထုတ်လုပ်ခြင်း၊ ပိုးတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ၊ နည်းပညာပေးခြင်းများဆောင်ရွက်ကြရန်ဆွေးနွေးပြောကြား၍ ပိုးချည်ရစ်စက်များအသုံးပြု၍ ပိုးချည်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေးတူးမြောင်းမကြီး ပေတိုင် ၁၉၉၅၀၀ နှင့် ပေတိုင် ၂၀၆၅၀၀ ကြား သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်မြို့နယ် နောင်ခမ်းကျေးရွာ အနီးရှိနောင်ခမ်းရေလွှဲဆည်ရောက်ရှိကာ ဒုတိယဝန်ကြီးက ထိခိုက်ပျက်စီးခဲ့မှုများကို ရေပေးရာသီအမီ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်သွားကြရန်၊ ရေစီမံခန့်ခွဲမှုများကိုလည်း စနစ်တကျထိန်းညှိစီမံဆောင်ရွက်သွားကြရန်၊ ဒေသတွင်းအကျိုးကျေးဇူးများသည့် ရေသောက်စနစ်တစ်ခုဖြစ်သည့်အတွက် နောင်ရေရှည်တည်တံ့အောင် ထိန်းသိမ်းစီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး လုပ်ငန်းခွင်အတွင်း ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် သံရွာအနီးရှိ ငပြောင်ရေလွှဲဆည်သို့ ရောက်ရှိစဉ် ရေကျော်တိုက်စားပျက်စီးခဲ့သည့် ရေလွှဲဆည်ကြမ်းခင်းများကို ပြန်လည်ပြုပြင်ခြင်း၊ ရေလွှဲဆည်အောက်ပိုင်း လက်ဝဲနှင့်လက်ယာဘက်ခြမ်းတွင် ပျက်စီးနေသောကျောက်ဆလံများပြန်လည်ပြုပြင်ခြင်း၊ ငပြောင်မြောင်းထိပ်ရေတံခါးနှင့် ရေတံခါး၏လက်ယာဘက်ခြမ်း ဇော်ဂျီမြစ်မြေသားတာပေါင်အား တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

တတိယကြေးဆံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် Cross form female ပြိုင်ပွဲတွင် အိန္ဒြေဖူးက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Pair Sword form male ပြိုင်ပွဲတွင် အိုက်စိုးလင်းနှင့်တင်ထူးဇော်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ယနေ့ကျင်းပသည့် 50–55kg အတိုက်ပြိုင်ပွဲတွင် ရဲရင့်အောင်က ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Dual form 3 female ပြိုင်ပွဲတွင် အိန္ဒြေဖူးနှင့်မေဟန်နီအောင်လွင်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Five-gate form male ပြိုင်ပွဲတွင် ရဲရင့်အောင်က တတိယ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Pair Sword form female ပြိုင်ပွဲတွင် အိန္ဒြေဖူးနှင့်မေဟန်နီအောင်လွင်တို့အတွဲက တတိယ ကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိကြသည်။







အဆိုပါ 5th AVF ASIAN Vovinam Championships 2024 ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အီရန်၊ ကာဂျစ်စတန်၊ တီမောနှင့် နီပေါနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှအုပ်ချုပ်သူနည်းပြအဖြစ် ဦးလွှမ်းအောင်နှင့် ဒိုင်လူကြီး သုံးဦး၊ အားကစားသမားအမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဆွတ်ခူးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့်ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
( င ) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
( စ ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန်အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။
(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)


**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
( ခ ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
( င ) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
( စ ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။
(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ














**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၀၆၄၅ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၆၆/၆) တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၉၅၀၀၄ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sung Long Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေး အဆန်ရထား ပါဆယ်(၁)ရထားတွဲပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၁၇၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၉၂၆၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ တောင်ငူမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus တစ်စီး၊ Nissan Caravan တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Voxyမော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၃၂၇ တန်၊ သစ်မာ သုည ဒသမ ၃၈၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၉၉၉၂ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၆၉၉၉၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ် အမှတ်(၅) လမ်းမကြီးအနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သန်လျင်မြို့နယ် သီလဝါလမ်းနှင့် အမှတ်(၆)လမ်းထောင့်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၂၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Lite Aceမော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၅၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၅၈၂၀၃ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၀၃၁၀၈၈ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၃၈၉၂၉၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၈ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၈၀၉၃၂ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**









**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ပြင်းထန်လာသဖြင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်



ကင်ဘာရာ ဒီဇင်ဘာ ၂၁

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် အနောက်ပိုင်းတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းနေမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၀ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗစ်တိုးရီးယားပြည်နယ် အနောက်ပိုင်းရှိ ဂရန်းပီယံ အမျိုးသားဥယျာဉ်တွင် ဒီဇင်ဘာ ၁၈ ရက်မှ စတင်လောင်ကျွမ်းခဲ့သော တောမီးသည် လေပြင်းတိုက်ခတ်မှုကြောင့် ကူးစက်မှုပိုမိုပြင်းထန်လာသဖြင့် ပြည်နယ်အရေးပေါ်တုံ့ပြန်ထိန်းချုပ်ရေးဌာနက မာဗီကင်းမြို့နှင့် ဝက်ဂါနီးယားမြို့တို့တွင် နေထိုင်သူများကို ဒီဇင်ဘာ ၂၀ ရက်တွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အခြေအနေ တအားဆိုးရွားပြီး အန္တရာယ်များမလာခင်မှာ ဘေးလွတ်ရာကို ချက်ချင်းထွက်ခွာတာက အန္တရာယ်အကင်းဆုံးရွေးချယ်မှုပါ။ ဒီနေရာတွေမှာ ဆက်ပြီးရှိနေမယ်ဆိုရင် အရေးပေါ်တုံ့ပြန်ထိန်းချုပ်ရေးဌာနတွေက ကူညီကယ်ဆယ်ဖို့ လွယ်ကူမှာ မဟုတ်ပါဘူး"ဟု ပြည်နယ်အရေးပေါ်တုံ့ပြန်ထိန်းချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂယ်ရီကွတ်က ပြောကြားခဲ့သည်။

ပြည်နယ်အတွင်း နေရာ ၁၁ နေရာတွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားလျက်ရှိပြီး တောမီးလောင်ကျွမ်းမှုကြောင့် ယခုအချိန်ထိ မြေဟက်တာ ၁၇၀၀၀ ကျော် တောမီးကူးစက် လောင်ကျွမ်းခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိသော ဒေသများတွင် နေထိုင်သူများအနေဖြင့် တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များကို သတိပြုနားစွင့်နေရန် လိုအပ်ကြောင်း ဂယ်ရီကွတ်က ဆက်လက်ပြောကြားခဲ့သည်။

Ref : Russia Today
Trs : AZH

## ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ ရေဘေးသင့်ပြည်သူများ ကွန်တိန်နာ ယာယီနေအိမ်များသို့ ရွှေ့ပြောင်းနေထိုင်

ဆာရာယေဗို ဒီဇင်ဘာ ၂၁

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံတွင် ယခုနှစ် အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအတွင်း နေအိမ်ဆုံးရှုံးခဲ့သော ပြည်သူများအတွက် တူကီယဲနိုင်ငံက ကွန်တိန်နာ ယာယီနေအိမ်အလုံး ၆၀ ပံ့ပိုးပေးခဲ့ရာ ယခုအခါ ရေဘေးသင့်ပြည်သူများ အဆိုပါနေအိမ်များတွင် ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

မကြာသေးမီရက်များအတွင်း မုန်တိုင်းကြောင့် ပျက်စီးခဲ့မှုများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် တူကီယဲနိုင်ငံက ပံ့ပိုးသော ကွန်တိန်နာယာယီနေအိမ် အလုံး ၆၀ နှင့် ကယ်ဆယ်ရေး ပစ္စည်းများသည် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံဆိုင်ရာ တူကီယဲသံအမတ်ကြီး ဆာခစ်ဘက်ဘာဂီဂင်၊ တူကီယဲပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းရေးအေဂျင်စီ (TIKA)မှ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကွန့်ဂျစ်မြို့တော်ဝန်တို့သည် အဆိုပါရေဘေးသင့်ဒေသများအနက် အဆိုးရွားဆုံးခံစားခဲ့ရသည့် ဒေသတစ်ခုဖြစ်သော ဘူတိုရီဗစ်ပို့ချ်ရွာသို့ ဒီဇင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ တူကီယဲသံအမတ်ကြီး ဆာခစ်ဘက်ဘာဂီဂင်က ဒေသခံများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆက်လက်ကူညီပံ့ပိုးပေးရန် ကတိပြုပြောကြားခဲ့ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ယခုအချိန်ထိ ကွန်တိန်နာယာယီနေအိမ်များသို့ မိသားစုဆယ်စု စတင်ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ပြောင်းရွှေ့နေထိုင်ရေးအစီအစဉ်များ ဆက်လက် လုပ်ဆောင်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

## အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် မီလ်တန်ဟာရီကိန်းမုန်တိုင်းကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှ ကန်ဒေါ်လာ ၆၄၂ ဒသမ ၇ သန်း ဆုံးရှုံးခဲ့

ဝါရှင်တန် ဒီဇင်ဘာ ၂၁

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် အောက်တိုဘာ ၉ ရက်က မီလ်တန်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကို University of Florida Institute of Food and Agricultural Sciences မှ သုတေသီများက စစ်တမ်းများကောက်ယူခဲ့ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၇ သန်း ဆုံးရှုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မီလ်တန် ဟာရီကိန်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်ရှိ ကောင်တီပေါင်း ၃၅ ကောင်တီထိ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဖလော်ရီဒါပြည်နယ် သက်တမ်းတစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့မှ အကြီးမားဆုံးသော ထိခိုက်ပျက်စီးမှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။



"မီလ်တန်ဟာရီကိန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံး ရင်ဆိုင်ခဲ့ရတာက စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖြစ်ပါတယ်။ တောင်သူတွေနဲ့ အသားထုတ်လုပ်တဲ့ကုမ္ပဏီတွေ တော်တော်လေး အထိနာခဲ့တယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍနှစ်ခုတည်းမှာတင် ပျက်စီးဆုံးရှုံးခဲ့ရတဲ့ တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၇ သန်းထိရှိခဲ့ပါတယ်"ဟု စီးပွားရေးဆိုင်ရာ လေ့လာသုံးသပ်သူ ခရစ်တာကော့က ပြောကြားသည်။

Ref : Sputnik News
Trs : Sai Sat

## ဗာနေတူနိုင်ငံတွင် ငလျင်ဒဏ်သင့်ခဲ့သော နယူးကယ်လီဒိုးနီးယားကျွန်းနိုင်ငံမှ ကျောင်းသားများကို ပြင်သစ်အစိုးရက လေကြောင်းဖြင့်ခေါ်ယူ

ပိုဗီလာ ဒီဇင်ဘာ ၂၁

ဗာနေတူနိုင်ငံ ပိုဗီလာမြို့တွင် ဒီဇင်ဘာ ၁၇ ရက်က ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နယူးကယ်လီဒိုးနီးယားကျွန်းနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများကို ပြင်သစ်အစိုးရက လေကြောင်းဖြင့် သွားရောက်ခေါ်ယူခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဗာနေတူနိုင်ငံသို့ လေ့လာရေးခရီးအနေဖြင့် ရောက်ရှိနေသည့် နယူးကယ်လီဒိုးနီးယားကျွန်းနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများဖြစ်ပြီး အသက် ၅ နှစ်မှ ၁၄ နှစ်အရွယ် ကလေးများဖြစ်ကြောင်း၊ ၎င်းတို့အပန်းဖြေခရီးထွက်သည့်နေရာသို့ ငလျင်လှိုင်းရောက်ရှိခဲ့ပြီး အနီးပတ်ဝန်းကျင်မှ ဗာနေတူပြည်သူတချို့၏ ကယ်တင်ပေးမှုကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသူများဖြစ်ကြပြီး အသေးစားဒဏ်ရာတချို့သာ ရရှိခဲ့ကြောင်း၊ အဆိုပါ လေ့လာရေးခရီး ထွက်လာသည့် ကျောင်းသား၊ ကျောင်းသူများသည် ပိုဗီလာမြို့ရှိ ကမ်းခြေသို့ သွားရောက်လည်ပတ်စဉ် ငလျင်လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ပိုဗီလာကမ်းခြေမှာ ပျော်ပွဲစားထွက်ချိန် ရုတ်တရက် ငလျင်လှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ ငလျင်လှုပ်ခတ်ချိန် ကလေးတွေ မြေပေါ်ကို လဲကျသွားခဲ့ကြတယ်။ အနီးမှာရှိတဲ့ ဒေသခံတချို့က လာရောက်ကယ်တင်ပေးခဲ့လို့ အသက်ဘေးကနေ လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။ ကလေးတွေလဲ တအားကို ထိတ်လန့်ခဲ့ကြရတယ်။ အိမ်ပြန်ဖို့အတွက် အခက်အခဲရှိနေတဲ့အချိန် အခုလို လေယာဉ်နဲ့ လာရောက်ခေါ်ယူပေးတာကို ကျေးဇူးတင်ပါတယ်"ဟု အဆိုပါ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အုပ်ထိန်းသူအနေဖြင့် လိုက်ပါခဲ့သည့် မီလစ်ဆာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## မြောက်ကိုရီးယားနိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောပြည်သူများ နေရပ်သို့ပြန်ခွင့်ရ

ပြုံယမ်း ဒီဇင်ဘာ ၂၁

မြောက်ကိုရီးယားနိုင်ငံ ဂျာဂန်စီရင်စုနှင့် ရီယန်ဂန်စီရင်စုတို့တွင် ဩဂုတ်လက ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်သူများ ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ နေရပ်သို့ ပြန်ခွင့်ရခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာန Korea Central News Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောကာလတွင် ကိုယ်တိုင်သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ညွှန်ကြားခဲ့သကဲ့သို့ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် နေအိမ်များကိုလည်း ပြန်လည် ပြင်ဆင်ပေးရာ၌ ကိုယ်တိုင်သွားရောက် ကြီးကြပ်ခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ပြည်သူဦးရေ ၁၅၀၀၀ ကျော် ရှိခဲ့ပြီး ၎င်းတို့၏ နေအိမ်များအားလုံးကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ညွှန်ကြားချက်ဖြင့် ပြန်လည်ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဩဂုတ်လတုန်းက ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူအမြောက်အမြားရှိခဲ့သလို နေအိမ်တွေပျက်စီးသွားလို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူအယောက် ၁၅၀၀၀ ကျော် ရှိခဲ့ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့တဲ့သူတွေအားလုံး ပြုံယမ်းမြို့မှာဖွင့်လှစ်ပေးထားတဲ့ ယာယီကယ်ဆယ်ရေးစခန်းမှာ လေးလကြာ နေထိုင်ခဲ့ကြရပြီး အခု ဒီဇင်ဘာ ၂၀ ရက်မှာ နေရပ်ကို ပြန်ခွင့်ရခဲ့ကြပါတယ်"ဟု Korea Central News Agency မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# လောဘမြစ်ပြင်ကျယ်

မောင်ခြိမ့်



ဒီဇင်ဘာ ၂၀ ရက်မှ အဆက်

သူ၏နားထဲမှာ ကြားယောင်မိတော့၏။ မသေခင်မှာကောင်းမှုကုသိုလ်ကလေး တစ်ခုခုတော့လုပ်ဦးမှဟုသူတွေး၏။ သမထ၊ ဝိပဿနာတွေကတော့ အလှမ်းဝေးလှ၏။ ကမ်းပါးအပြတ်ကြီးအနားသို့ လှေကို အသာကပ်၍သွားသည်။ ကမ်းစပ်နှင့်ဝါးတစ်ပြန်ခန့်တွင် လှေကိုရပ်ကာ လှေထဲတွင်ပါလာသော ဆယ့်ခြောက်ပေခန့်ရှည်သော ဝါးလုံးရှည်ကိုယူကာ ရေထဲသို့ထိုး၍စိုက်၏။ ဝါးပင်မမီသေး၊ ကမ်းစပ်သို့ နည်းနည်းတိုး၏။ မြေကြီးကို စမ်းမိပြီ။ သူ အားနှင့်ထိုး၍စိုက်သည်။ ရေပေါ်တွင် ဝါးလုံးအဖျားသည် နှစ်ပေခန့်ပေါ်နေသည်။

သူ့စိတ်ထဲကတွက်သည်။ ရေပေါ်နှစ်ပေရှိပြီး ရေအောက်မြေဝင် တစ်ပေခန့်ကို ပေါင်းလိုက်လျှင် သုံးပေ။ ဒါဆိုရေအနက်က တစ်ဆယ့်သုံးပေ။ သူငယ်ငယ်ကဆိုလျှင် အတောင်နှစ်ဆယ်၊ ပေပေါင်း သုံးဆယ်ခန့်ကိုပင် အသာကလေး ငုပ်နိုင်ခဲ့သည် မဟုတ်ပါလော။ သူတစ်ချက်ပြုံးလိုက်ပြီး ဝါးလုံးအဖျားတွင် လှေဦးမှ ကြိုးကို ကွင်းလျှောချည်ထားလိုက်၏။

ပုဆိုးကို ခါးတောင်းမြှောင်အောင်ကျိုက်လိုက်သည်။ ချဉ်နေသော ခံတွင်းကို အာသာပြေစေရန် ပလတ်စတစ်ဖြင့်ထုပ်ထားသော ဆေးပြင်းလိပ်ကို ထုတ်လိုက်ပြီး လက်တစ်ဆစ်ခန့်ကိုက်၍ ဖြတ်ကာ ပါးစောင်တွင်ငုံလိုက်၏။ ပါးစပ်တစ်ခုလုံးစို့၍ တက်လာသော တံတွေးတို့ကို မြစ်ပြင်သို့ထွေး၍ထုတ်လိုက်၏။ ဆေးရွက်ကြီး၏ စပ်ဖျဉ်းဖျဉ်းအရသာသည် ပါးစောင်နှစ်ဖက်သို့ပျံ့၍သွား၏။

ခန္ဓာကိုယ်တစ်ခုလုံး နွေးသွားသည်ဟုပင်သူထင်၏။ လှေဝမ်းထဲတွင် ပါလာသော မီးအုပ်ထဲမှမီးခွက်ကို သူထွန်းလိုက်သည်။ နီကြင်ကြင် မီးရောင်သည် လှေပေါ် တွင် ထင်းခနဲဖြစ်သွား၏။ မြစ်ကမ်းစပ်ချုံအုပ်အုပ်များမှ ပိုးကောင်ကလေးများ မီးရောင်ဆီအတင်းတိုးဝင်လာကြ၏။ မီးခွက်၏မီးစွယ်ကိုဝင်၍တိုးကာ တဖြုတ်ဖြုတ်နှင့် သေနေကြ၏။ သူနောက်ထပ် တံတွေးတစ်ချက်ပျစ်ခနဲထွေးလိုက်ပြီး လှေပေါ်မှ အသာလျှော၍ ရေထဲသို့ဆင်းလိုက်၏။ လက်နှစ်ဖက်ကမူ ဝါးလုံးတိုင်ကို ဆုပ်ကိုင်၍ထား၏။

လှေပေါ်မှာတုန်းက တဖျန်းဖျန်းသွန်ကြဲ၍ရွာနေသော မိုးနှင့်လေတို့ကြောင့် ချမ်းအေးလှ၏။ မြစ်ရေထဲသူစိမ်လိုက်ချိန်မှာတော့ နွေး၍နေ၏။ အသက်ကိုဝအောင် ရှူသွင်းလိုက်ပြီး တိုင်ကိုဆွဲကာဆွဲကာ ရေအောက်သို့ သူငုပ်၍ ဆင်းသွားသည်။ မြစ်အောက်ကြမ်းပြင်ကို လက်နှင့်စမ်းမိပြီ။ တိုင်ကိုခြေနှစ်ဖက်ဖြင့်လိမ်၍ တွယ်ချိတ်ထားလိုက်သည်။ သို့မဟုတ်ပါက မြစ်အောက်ရေစီးအရှိန်နှင့် မျောပါသွားလိမ့်မည်။ လက်နှစ်ဖက်ဖြင့် ဘေးပတ်ပတ်လည်ကိုစမ်းသည်။ မတ်စောက်သော ကမ်းပါးပြတ်သည်ရေအောက်ကြမ်းပြင်၌ရှိ၏။ ထိုကမ်းပါးပြတ်ကို ရေတိုက်စားသောအခါ အတွင်းသို့ခွက်၍ ဝင်နေသော တွင်းကလိုင်ပေါက်တို့ ဖြစ်ပေါ်၍နေ၏။

အချို့ကား တစ်တောင်၊ နှစ်တောင်ခန့် လိုဏ်ခေါင်းငယ်ကလေးသဖွယ် ဖြစ်၍နေ၏။ ထိုအထဲတွင် လက်မကားကားနှင့် ပုစွန်တုပ်ကြီးများ ခိုအောင်းနေတတ်၏။ ၎င်းတို့ကို သူဖမ်းရမည်ဖြစ်တော့၏။ လက်နက်ကိရိယာဘာမှမပါ။ ကျွမ်းကျင်မှုနှင့် တံငါအတတ်ပညာသမ္ဘာရှိဖို့လို၏။ ကလိုင်ပေါက်တစ်ခုကို တွေ့ပြီ။ လက်နှစ်ဖက်သွင်းကာ အသာစမ်းသည်။ မိသည်မှနှစ်ကောင်။ အမြီးဘက်က ဆတ်ခနဲမြဲအောင်ဆုပ်၍ ဖမ်းထားလိုက်၏။

သူ့အဖေတံငါအိုကြီးကသူ့ကိုပြောပြသင်ကြားခဲ့သော စကားသံကို သူသတိရလိုက်သည်။

''ပုစွန်တုပ်ကို ရေအောက်မှာငုပ်လို့တွေ့တာနဲ့ အမြီးဘက်ကသာ မိမိရရဆုပ်ထားလိုက်၊ ဘာမှပြန်မလုပ်နိုင်ဘူး။ အဲ ခေါင်းကိုသာ ဖမ်းဆုပ်ကြည့် သူ့အမြီးက ဖြောင်းခနဲဖြောင်းခနဲဆတ်ပြီးခတ်လိုက်ရင် လက်ကွဲရင်ကွဲ၊ လွတ်ရင်လွတ် တစ်ခုခုပဲကွ။ ဒါကြောင့် ငါ့သား ပုစွန်တုပ်ဖမ်းရင် အမြီးကိုသာ ဖမ်းပေတော့၊ သူ့အားပြုတာက အမြီးပဲကွ''

စိတ်ထဲတွင်အသာပြုံးရင်း ရေပေါ်သို့ကိုယ်ကို ဖော့၍ တက်ခဲ့၏။ လှေနံကို တံတောင်နှစ်ဖက်ဖြင့် ညှပ်ကာတွယ်ထားရင်း ခေါင်းကို ဆတ်ခနဲခါပစ်လိုက်ပြီး အသက်ကိုဝအောင်ရှူသွင်းလိုက်သည်။ ဖမ်းမိထားသော ပုစွန်တုပ်ကြီးနှစ်ကောင်ကို လှေဝမ်းထဲသို့ပစ်၍ ထည့်၏။ ပြီးလျှင်ခုန်၍ မထွက်နိုင်အောင် ''လှေကပ်'' ဖြင့် အသာဖုံးထားလိုက်၏။

ရေပေါ်တွင်မူ မိုးရေစက်တို့က မင်းမူကြဆဲပင်။ သူအသက်ဝဝရှူကာ နောက်တစ်ခေါက် ဆင်းသွားခဲ့ပြန်၏။ ပထမဖမ်းသော ကလိုင်ထောင့်ထဲတွင်ပင် နှစ်ကောင်ထပ်ရသည်။ ဘေးဘက်တွင်လည်း ကပ်လျက်ကလိုင်ပေါက်တွေရှိသေး၏။

သို့နှင့်တစ်နာရီခန့်ငုပ်လိုက်၊ ပြန်တက်လာလိုက်နှင့် လောဘဖောကပ်ပြီး ပုစွန်ဖမ်းခဲ့သည်မှာလှေဝမ်းထဲမှာ အကောင်သုံးဆယ်ကျော်ရနေပြီ။ မီးခွက်၏ အလင်းရောင်တွင် ပုစွန်တုပ်ကြီးတို့၏မျက်လုံးတို့သည် ပတ္တမြားခဲကလေးများကဲ့သို့ ရဲရဲနီ၍ကြည့်၍ ပင်လှနေသေးတော့၏။ ပိန်လှီလှသောသူ၏ရင်အုပ်သည် ဖားဖိုကဲ့သို့ပိန်လိုက်ဖောင်းလိုက်နှင့် အသက်ကို လု၍ရှူနေရ၏။ လှေပေါ်တွင် ပက်လက်လှန်ရင်း သူအမောဖြေနေသည်။ အိမ်က ထွက်လာကတည်းက ဝအောင်မစားခဲ့ရသဖြင့် သူ အလွန်ဆာလောင်လျက် ရှိနေပြီ။

ငယ်စဉ်တုန်းကမူ တစ်ရေတက်၊ တစ်ရေကျ လေးနာရီခန့် မနားတမ်းငုပ်လျှိုးနိုင်ခဲ့ပါ၏။ တံငါသည်ချင်း အတူတူ သူ့ကိုဘယ်သူမှမယှဉ်နိုင်ခဲ့၊ ပိုက်ဆွဲရဦးမလား၊ ကွန်ပစ်ရဦးမလားသူမကြောက်။ ခွန်အားဗလနှင့် ရင်း၍ လုပ်ကိုင်ရသောအလုပ်ပေမို့ အရွယ်ကောင်းစဉ်ကအလုပ်ကောင်းခဲ့ပါ၏။ အလုပ်ကောင်းတော့ ငွေစရှင်ခဲ့၏။ သားသမီးငါးယောက်ကို ဝလင်စွာရှာကျွေးနိုင်ခဲ့၏။

သူရှာ၍ရလာသမျှ သူ့သားသမီးများစားသောက်နေတာမြင်ရလျှင်ပင် သူကျေနပ်နေခဲ့ပါ၏။ သူငုပ်၍ရလာသော ပုစွန်တုပ်ကြီးများကို မီးဖုတ်၍စားသူကစား၊ နီရဲနေအောင်ပြုတ်ပြီးအရည်ကိုဟင်းချိုလုပ်။ အသားကို ရှောက်သီးချဉ်ချဉ်၊ ငရုတ်သီးစိမ်းစပ်စပ်နှင့် သုပ်၍စားသဖြင့် တရှုးရှုးတရှဲရှဲဖြစ်နေကြသော သားသမီးများကို ကြည့်ကာ သူသဘောကျစွာ ပြုံးနေစမြဲ။

ယခုတော့မူ အိမ်တွင် သူ့ကိုစောင့်မျှော်နေမည့်သူမှာအဘွားကြီးတစ်ယောက်တည်းသာ။ အိမ်ထောင်အသီးသီးကျနေကြသော သားသမီးတို့သည် အသီးကင်းသောညောင်ပင်ကြီးကို ငှက်တို့စွန့်ခွာသွားကြသလို သူတို့အိမ်နားမကပ်ကြတော့။ ပေးရနိုး၊ ကမ်းရနိုးတွေးကာ ခပ်ခွာခွာနေလာခဲ့ကြပြီ။

အေးလေ တွေ့ကြသေးတာပေါ့။ တောကျော်တို့လူစွမ်းလူစမတုံးကြောင်း ပုစွန်များများရှာ၍ ကြွားလိုက်ချင်သေးတော့၏။ တွေးနေရင်းက ဆတ်ခနဲထ၍ထိုင်၏။ ဆာလောင်သောစိတ်ကို လောဘစိတ်က အနိုင်ယူသွားခဲ့ပြန်၏။

စိုက်ထားသောဝါးလုံးတိုင်ကို လှေပေါ်မှပင်ဆွဲ၍ နုတ်သည်။ ရေသည်ပို၍ကျလာနေပြီ။ သို့အတွက် ယခင်က ဝါးထောက်၍ မမီခဲ့သောနေရာသည် ဝါးထောက်၍ မီလာပြီ။ ဝါးလုံးဖြင့်ပင်လှေကိုယက်၍ နေရာရွှေ့လာခဲ့၏။ ဝါးဖြင့်ထိုး၍စမ်းသည်။ မီပြီ။ အသာအားထည့်၍တိုင်ကိုစိုက်၏။ လှေဦးမှ ကြိုးဖြင့်ချည်ကာ ရေအောက်သို့ တိုင်ကိုတွယ်ကာ ဖောက်ထိုးငုပ်၍ ဆင်းလာခဲ့ပြန်ပြီ။

ယခုငုပ်သောနေရာသည် ယခင်နေရာထက်ရေစီးကပို၍ကြမ်းသည်။ ရေထဲတွင်စိုက်ထားသောဝါး၏အဖျားသည် ရေ၏ တိုးဝှေ့မှုကြောင့် သွက်သွက်ခါအောင် ယမ်း၍နေတော့၏။ လှေ၏နံဘေးကို တဒုတ်ဒုတ်ဖြင့် ရိုက်ခတ်နေသံကို ရေအောက်ကပင်ကြားနေရ၏။ ဝါးတိုင်ကို ခြေနှစ်ဖက်ဖြင့်ချိတ်ထားရင်း ဘေးကိုစမ်းသည်။ မမှိတမှီတွင် ကလိုင်ပေါက်ကြီးတစ်ခုကိုတွေ့မိ၏။ လှမ်း၍စမ်း၍ ဖမ်းလိုက်ရာ ပုစွန်တုပ်ကြီးတစ်ကောင်၏ခေါင်းပိုင်းကို ဆုပ်မိတော့၏။ အမြီးသည် ဖြန်းခနဲဖြန်းခနဲနေအောင် သူ့လက်ချောင်းကလေးများကိုရိုက်၏။ နာသည်။ သို့သော် သူ မလွှတ်။ အောင့်ခံကာဆုပ်မြဲဆုပ်၍ ဖမ်းကာလက်တစ်ဖက်ဖြင့် တိုင်ကိုတွယ်ကာရေပေါ်သို့ ပြန်တက်ခဲ့၏။

ရေပေါ်သို့ဘွားခနဲအပေါ်တွင် လက်ထဲဆုပ်ထားဆဲ ပုစွန်တုပ်ကြီးကို လှေဝမ်းထဲပစ်၍ ထည့်သည်။ ရေစိမ်ထားသဖြင့် နူး၍နေသောပဲကြီးခွံတွန့်နေသည့် လက်ချောင်းကလေးများမှ ပုစွန်တုပ်အမြီးခတ်သဖြင့် ပေါက်ပြဲသွားကာ တစစ်စစ် နာကျင်၍နေ၏။ ပါးစပ်ကိုဟကာ အသက်ရှူနေရသော်လည်း အမောမပြေနိုင်ခဲ့။ လှေပေါ်သို့ပင်တက်ရန်ခွန်အားမရှိတော့။ တဆတ်ဆတ်ခါယမ်းနေသော ဝါးလုံးတိုင်ကို အသာဖက်ရင်း တွယ်ထားကာ အမောဖြေနေရ၏။

ပြန်ရင်ကောင်းမလားဟုသူတွေးသည်။ မောလှပါပြီ။ ဗိုက်ကလည်း အလွန်ဆာနေပြီ။ သို့သော် စောစောက စမ်းမိသောကလိုင်ကြီးထဲတွင် သူ့လက်နှင့်ထိ၍ အတွင်းသို့ ဝင်ပြေးသွားသောပုစွန်တုပ်ကြီးများကို သတိရကာ ထားခဲ့ရမှာ နှမြောလှ၏။ နောက်ထပ် နှစ်ကောင်၊ သုံးကောင်လောက်ရရင် သူတော်ပါပြီ။ သားသမီးတွေ၊ မြေးကလေးတွေ စားဖို့အတွက်ပါ။

လောဘတဏှာသည် နောက်ထပ်တစ်ခါငုပ်ရန် သူ့ကိုအတင်းတွန်း၍ပို့နေပြန်၏။ သူဆုံးဖြတ်လိုက်သည်။ တစ်ခါတည်းတစ်ခါတည်းပါ။ နောက်ဆုံးငုပ်ခြင်းပါဟု သူတွေးပြီး အသက်ကို အားရပါးရရှူသွင်းပြီး အဆုံးတွင်အောင့်ကာ ရေနက်ထဲသို့ ငုပ်၍ဆင်းခဲ့ပြန်ပြီ။ အောက်ခြေရောက်ပြီ၊ လက်နှစ်ဖက်ဖြင့် ရမ်း၍စမ်းသည်။ မီရုံကလေးသာရှိ၏။ လှမ်း၍ နှိုက်သည်။ နှုတ်ခမ်းမွေးများကိုသာစမ်းမိပြီး နောက်ဆုတ်ဝင်ပြေးသွား၍ မမိလိုက်။ သူဒေါသထွက်သွား၏။ ဒါလောက်ဖြစ်လှတာ ကဲကွာဟုတွေးပြီး တိုင်တွင်ချိတ်ထားသော ခြေနှစ်ဖက်ကိုဖြုတ်ကာ ရှေ့သို့ကိုယ်ကိုလွှန့်၍ ကလိုင်ထဲသို့တိုး၍ ဝင်လိုက်၏။ လက်နှစ်ဖက်ဖြင့် ရှေ့သို့စမ်းသည်။ ဘာကိုမှမကိုင်မိ၊ ဘေးသို့စမ်းသည်။ ကလိုင်ကကြီးလှ၍မထိ၊ မကိုင်မိ။

စာမျက်နှာ ၂၅ သို့ ➤

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးခေါင်းပွ ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ရက်မှ ၃၀ ရက်ထိ ငါးခေါင်းပွ ပိဿာချိန် ၇၄၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ငါးခေါင်းပွများ အပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ် ကနေ ငါးခေါင်းပွတွေ ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လ ပထမပတ်က ငါးခေါင်းပွတွေ တင်ပို့မှုအားကောင်းလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေတာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလကထက် နိုဝင်ဘာလအတွင်းပိဿာချိန် ၂၉၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်ယူမှုကောင်းလာသလို စျေးလဲ မဆိုးဘူးလို့ပြောရတယ်''ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် ထောက်ကြံကွင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ထောက်ကြံကွင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အနေဖြင့် ဒီဂျစ်တယ်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေး မသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Myanmar Citizens Pay တို့ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၂၀ ကို ငွေကျပ် ၂၆ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူ ဦးရေ၄၀ကို ငွေကျပ် ၅ ဒသမ ၈ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ငွေကျပ်၃၂ ဒသမ၅သန်းထုတ်ချေးပေးခဲ့ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

➤ စာမျက်နှာ ၂၄ မှအဆက်

သူ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ပြန်ထွက်ရန် အပေါက်မတွေ့လျှင်ဟူသော စိုးရိမ်စိတ်က ဝင်လာသည်။ ပြန်၍လှည့်ကာထွက်ရန် သူကြိုးစားသည် မရ။ လူကသာရှေ့သို့ ကူးထွက်နေသော်လည်း ရှေ့သို့ မရောက်၊ ရေစီးအားက သူ့ကိုနောက်သို့သာပြန်၍ တွန်းပို့နေ၏။

ရေအကျပေမို့ ရေစီးအားကပို၍ကြမ်းလှသည်။ အပြင်ကတိုးဝင်နေသော ရေစီးအားသည် သူ့ကို ကလိုင်ပေါက်ကြီး၏ နက်ရှိုင်းလှသော အတွင်းဘက်ဆီသို့ အင်အားကြီးမားစွာ တွန်း၍ပို့ခြင်းကိုသူခံနေရပြီ။ သူရှေ့သို့ယက်၍ယက်၍ကူး၏။ မရ၊ ပို၍ လန့်လာသည်။

သူအသက်အောင့်ထားရတာကြာပြီ။ မွန်းလှပြီ။ မောလည်းမောလှပြီ။ ဆာလောင်နေသည့် ဝမ်းဗိုက်သည် သူ့အတွက်ခွန်အားတို့ကို ဖြစ်မလာစေတော့။ လက်နှစ်ဖက်ဖြင့်ယက်၍ နေသော်လည်း အားကမပါတော့။ အဆုပ်တို့သည် ပေါက်ကွဲထွက်တော့မည်။ အသက်ရှူကျပ်၍ ကျပ်၍လာနေပြီ။ တောင့်ထား တောင့်ထား အားမလျှော့နဲ့ဟု သူ့ကိုယ်သူအားပေးနေသည်။ အိမ်ကိုသူအမြန်ပြန်ချင်နေမိ၏။ ထမင်းမစားရသေးဘဲ သူ့အပြန်ကိုစောင့်နေမည့်ဇနီးသည်ကိုမျက်စိထဲမြင်၏။ မခင်မေရေ၊ ငါပြန်လာခဲ့မယ်၊ ဆန်လဲဝယ်လာမယ်၊ ပုစွန်တုပ်တွေလဲ အများကြီး ရလာတယ်ကွ၊ ဝအောင်စားပေတော့၊ သားတွေ၊ သမီးတွေနဲ့မြေးတွေပါခေါ်ပေါ့၊ တဝကြီးကျွေးလိုက်စမ်း၊ တောကျော်တို့ကလူသာ အိုပေမဲ့စွမ်းပါတယ်ကွ၊ ရှာနိုင်ဖွေနိုင်ပါသေးတယ်။

သူ့အတွေးတို့သည် ကပေါက်တိကပေါက်ချာဖြစ်၍နေ၏။ အတတ်နိုင်ဆုံး စိတ်ကိုတင်းထားသော်လည်းမတတ်နိုင်တော့ပြီ။ ခြေနှင့်လက်တို့က ကူးခပ်ရုန်းထွက်နေသည်ဟု သူကထင်နေသော်လည်း နှေးကွေးလာပြီ။ ငြိမ်၍လာပြီ။

စိတ်ထဲတွင် ဖျတ်ခနဲဆရာတော်၏တရားကိုသွား၍သတိရမိပြန်၏။

''ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတဲ့ဒုက္ခကြီးဘာမှမမြဲဘူး၊ မြဲတယ်ဆိုတာမရှိဘူး၊ မွေးလာရင်အိုမယ်၊ နာမယ်၊ သေမယ်မလွဲနိုင်ဘူး၊ အဓိကအရေးကြီးတာက မအို၊ မနာ၊ မသေခင်ကိုယ့်မှာရှိတဲ့လောဘ၊ ဒေါသ၊ မောဟတရားတွေကို နည်းပါးစေပြီး ကောင်းမှုကုသိုလ်တရားတွေပွားများဖို့ပဲ''

အို ဟုတ်လိုက်လေ၊ ''အင်း'' လောဘ လောဘ နောက်ဆုံးတစ်ခါရေအောက်သို့ဆင်းရန် လောဘကပင် တိုက်တွန်းခဲ့သည်မဟုတ်လား။ သူနောင်တရပါပြီ။ တပည့်တော်မှားခဲ့ပါပေါ့ဘုရား။ သူစုစည်းထားသည့် သတိတို့သည် ကင်းလွတ်ခဲ့ပြီ။ ဘာကိုမှမသိတော့။ အမှောင်ထုကြီးကသာ သူ့ကိုဖုံးအုပ်လိုက်ပြီ။

မြစ်ရေပြင်တွင် မိုးစက်တို့က ရွာသွန်းလျက်၊ တဖျပ်ဖျပ်နှင့် လှိုင်းကြက်ခွပ်ကလေးများက ရိုက်ခတ်ဆဲ။ သရွတ်သွတ်မြစ်ရေပြင်ကြီးသည် ဘာမှ မသိသလိုပင် စီးမြဲစီးလျက်။ မြစ်ရေပြင်ပေါ်တွင်ရှိနေသည့် လှေကလေးသည် ရေအောက်မှပြန်တက်လာမည့် သူ့သခင်ကိုစောင့်နေဆဲပင်။

## ဇာနည်ဖွားတို့ အင်အား

\- တစ်တောင်ပေါ် တစ်တောင်ဆင့်
တောင်အမြင့်လည်း ကျော်ခဲ့တယ်၊
လျှိုမြောင် ဂနိုင် မြိုင်စခန်းနဲ့
ခင်တန်းအသွယ်သွယ်၊
ကျောပိုးအိတ်လေး လွယ်ကာကွယ်
စီတန်းကာရယ် ရဲဘော်များ၊
အဖျက်ရန်သူ ပျက်သုဉ်းအောင်
ချေမှုန်းဖို့သွား။

\- ချောင်ဝနာ မှောင်ရိပ်နားက
အင်အားပြ ဘုံရန်သူ၊
တစ်ဆုပ်စာ သတ္တိသွေးနဲ့
မိုက်ကြွေးတမူ၊
အသိတရား မရှိလူ
အယူလွဲရာ ကျင့်စရိုက်၊
ဤမြေမှာ ခြေချလို့
နေရမထိုက်။

\- ပြည်သူတွေ ညီတူတိုက်
သည်အမိုက်များ ကင်းစင်စေ၊
လက်တွဲကာ ပြိုင်ယှဉ်နွဲတော့
တိုက်ပွဲမရှည်၊
ငြိမ်းချမ်းလျက် အမိမြန်ပြည်
ကျက်သရေ ဂုဏ်ရှိန်တိုး၊
သမိုင်းစဉ်လာ ခေတ်ဆက်ဆက်
ချစ်လျက်သာမိုး။

\- ကိုယ့်ထီးကိုယ့်နန်း ကိုယ့်တန်ခိုးနှင့်
ပိုင်စိုးလို့ စည်ပင်ကာ၊
တိုင်းရင်းသားတွေ စည်းလုံးလျက်
ပြုံးပန်းဝေဆာ၊
မမုန်းတမ်း ချစ်ကြင်နာ
ခေတ်အစဉ်လာ ဝင့်ထည်လျက်၊
သားကောင်းစစ်သည် ဇာနည်ဖွားတို့
အင်အားတွေထက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ငါးသိန်းတုတ်ငါးလေးများ၏ သဘာဝနှင့်အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)



ငါးသိန်းတုတ်ငါးလေးများသည် အရွယ်အစား သေးငယ်သော ငါးလေးများဖြစ်ကြပြီးAnchovy Fish အုပ်စုဝင်များဖြစ်ကြသည်။ ငါးသိန်းတုတ်ငါးလေးများသည် ဆောင်းရာသီတွင်တွေ့ရှိရသော ငါးလေးတစ်မျိုးဖြစ်ပြီး ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲမြို့နယ်၊ ဂွမြို့နယ် ကျိန်တလီ၊ ကင်းမော်၊ ကျောက်ဆိပ်ဒေသတစ်ဝိုက်တွင် တစ်နှစ်လျှင်တစ်ကြိမ် ဆောင်းရာသီကာလတွင်သာ ဖမ်းဆီးရမိတတ်ကြသည့် ရေချိုရေငန်စပ်ငါးလေးများဖြစ်ကြသည်။

**ဒေသအလိုက် အခေါ် အဝေါ်**

ဒေသအခေါ်အဝေါ်အရ အဆိုပါငါးလေးများကို ရခိုင်ပြည်နယ်ဘက်တွင် ငါးသေးနုပ်ဟုလည်းကောင်း ငါးသိန်းတုတ်ဟုလည်းကောင်း ခေါ်ဆိုကြသည်။ ငါးသိန်းတုတ်ကို တစ်နှစ်လျှင်တစ်ကြိမ် ဆောင်းရာသီတွင် ရာသီစာအဖြစ် အမြတ်တနိုးစားသုံးလေ့ရှိကြသည်။ ငါးသိန်းတုတ်ကို ရေချိုရေငန်စပ်ရှိရာ ချောင်းများတွင် အုပ်စုလိုက် ဆန်တက်၍လာသည့်အချိန် ဇာခြင်ထောင်ကဲ့သို့ ဇာပိုက်မျိုးဖြင့် အလွယ်တကူဖမ်းယူကြသည်။

ကရင်ပြည်နယ် ဘားအံဒေသတွင်မူ ငါးမှုန်၊ ငါးလောက်ဟူ၍ ခေါ်ဝေါ်ကြပြီး အခြားဒေသတွင်လည်း ငါးကျောက်ကပ်၊ ငါးဖြူလေး၊ ငါးထမင်း၊ ငါးသေးနုပ်၊ ငါးရွှေမှုန်စာ ဟူ၍အခေါ်အဝေါ်အမျိုးမျိုးရှိကြသေးသည်။ ငါးပုံသဏ္ဌာန်မှာ မုန့်ဖိုင်းတောင့်ကဲ့သို့ သေးသေးရှည်ရှည်လေးဖြစ်ပြီး အသားနုသောအသေးစား ငါးအုပ်စုအမျိုးအစားတွင် ပါဝင်ကြသည်။

ကရင်ပြည်နယ် ဘားအံဒေသတွင် ငါးသိန်းတုတ်ငါးလေးများကို တစ်နှစ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် ၁၀ ရက်ခန့်သာရရှိနိုင်ကြောင်းနှင့် များသောအားဖြင့် အေးသည့် ဆောင်းရာသီကာလ ဒီဇင်ဘာလတွင်သာ အများဆုံးတွေ့ရှိရကြောင်း ဒေသခံရေလုပ်သားများ၏ ပြောကြားချက်အရ သိရသည်။ ငါးသိန်းတုတ်များ ရေချိုဆန်တက်ချိန်တွင် ရေလုပ်သားများက ဇာပိုက်ဖြင့် အလွယ်တကူ ဖမ်းဆီးလေ့ရှိကြသည်။

**ဥဥခြင်းနှင့်သားပေါက်ခြင်း**

ငါးသိန်းတုတ်ငါးလေးများမှာ ပင်လယ်ထဲတွင် သားပေါက်ကြပြီး ရေချိုရေငန်စပ်ရှိရာ ချောင်းများကို ဆန်တက်လာချိန်တွင် ဖမ်းဆီးကြသည်။ ငါးသိန်းတုတ်ငါးများသည် ဥချချိန်၊ သားပေါက်ချိန်တွင် ရေချိုရှိရာဒေသသို့ ဆန်တက်လာတတ်သည့်ငါးတစ်မျိုးဖြစ်ပြီး သားပေါက်နှုန်းကောင်းလွန်း၍ ငါးသိန်းတုတ်ငါးတက်ချိန်ဆို ငွေရောင်သံဆန်ခါဖြန့်ကြဲထားသကဲ့သို့ မြင်ရသော ငါးတစ်မျိုးဖြစ်ကာ အမြင်တစ်မျိုးလှပကြသည်ဟု ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ငါးသိန်းတုတ်ငါးစားဖွယ်စုံ**

ခေါင်းတစ်ရာသားဟုဆိုရမည့် ငါးသိန်းတုတ်ငါးလေးများကို ဒေသခံများက အုန်းနို့နှင့် ချက်စားသည်ကို "ငါးသိန်း အုန်းဆီချက်"ဟုဆိုကြသည်။ ငါးသိန်းအုန်းဆီချက်မှာ အရောင်ဝင်းဝင်းဝါဝါလေးနှင့် အရသာမှာ ဆိမ့်ဆိမ့်မွှေးမွှေးလေးဖြစ်နေ၍ လူကြိုက်များသည်။ ထို့ပြင် ငါးသိန်းတုတ်ငါးကို အကြွပ်ကြော်စားခြင်း၊ အိုးကပ်ချက်စားခြင်း၊ အချိုကြော်စားခြင်း၊ အစပ်ချက်ခြင်း၊ ရခိုင်အစိမ်းသုပ်ခြင်းအပြင် ဆန်မှုန့်ဖြင့် ကြော်စားခြင်း၊ ပြုတ်ပြီးသုပ်စားခြင်းပြုလုပ်ကြသည်။ အရသာမှာချိုပြီး အသားမှာနူးညံ့သည့်ငါးတစ်မျိုးဖြစ်သည်။ ဟင်းချိုချက်ရာတွင်လည်း ရေနွေးပွက်သည်နှင့် ငါးသိန်းတုတ်ငါးအနည်းငယ်ထည့်ချက်ပါက ဟင်းရည်၏ချိုသောအရသာကိုရရှိစေသည်။ ပြည်ပနိုင်ငံတချို့တွင် ငါးသိန်းတုတ်ငါးကို ပါကင်လှလှလေးများ ထုပ်ပိုးပြီး Noodle Fish ဟူ၍ရောင်းချကြကြောင်း သိရသည်။ ငါးသိန်းတုတ်ငါးမှာ ဈေးကောင်းသကဲ့သို့ အရသာမှာလည်း ချို၍ထူးခြားကောင်းမွန်လှသည့် ငါးဖြစ်သည်။

**ငါးသိန်းတုတ်ငါးလေးများ၏ အာဟာရတန်ဖိုး**

ငါးသည် မြန်မာအစားအစာများတွင် မပါမဖြစ် အရေးကြီးပြီး အရည်အသွေးပြည့်သည့် အသားဓာတ်ကိုပေးနိုင်သည်။ ငါးသိန်းတုတ်ငါးတွင် ခန္ဓာကိုယ်ကြီးထွားမှုအတွက် အရေးပါသည့် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါရှိသည်။ ထိုဗီတာမင်နှင့် သတ္တုဓာတ်များ ခန္ဓာကိုယ်တွင် လုံလောက်စွာမရှိပါက အာဟာရချို့တဲ့မှုနှင့် ရောဂါများဖြစ်ပွားနိုင်သည်။

ဟားဗတ်တက္ကသိုလ်လူထုကျန်းမာရေးဆိုင်ရာ ပရော်ဖက်ဆာများ၏ လေ့လာတွေ့ရှိချက်အရ ငါးတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်ကို တစ်ပတ်လျှင် နှစ်ဂရမ်စားပေးခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးမှုကို သုံးပုံတစ်ပုံခန့် လျှော့ချပေးနိုင်သည်ဟု သိရသည်။ ငါးနှစ်ဂရမ်ဆိုသည်မှာ တစ်ပတ်လျှင် ငါးနှစ်ကြိမ်စားခြင်းနှင့်ညီမျှသည်။

အစာစားသည့်အခါတွင်လည်း ငါးနှင့်တွဲဖက်စားသုံးပေးခြင်းဖြင့် အစားအစာများတွင် ပါရှိသော အာဟာရဓာတ်များကို ခန္ဓာကိုယ်ကပိုမိုကောင်းမွန်စွာ စုပ်ယူနိုင်စေသည်။ ငါးသိန်းတုတ်ငါးကလေးများကို ခေါင်းနှင့်အရိုးအပါအဝင် တစ်ကောင်လုံး စားသုံးခြင်းဖြင့် ကယ်လ်စီယမ်(ထုံးဓာတ်)၊ ဗီတာမင်အေ၊ သံဓာတ်နှင့် သွပ်ဓာတ်များ ကြွယ်ဝစွာရရှိနိုင်သည်။

**ငါးသိန်းတုတ်ငါး၏ အာဟာရနှင့်အကျိုးကျေးဇူးများ**

ငါးသိန်းတုတ်ငါးလေးများ စားသုံးခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ ငါးသိန်းတုတ်ငါးလေးများကို အနည်းငယ်စားပေးရုံဖြင့် အာဟာရဓာတ်များ အများအပြားရရှိနိုင်ခြင်း၊ ငါးသိန်းတုတ်ငါးကလေးများသည် ငါးအစို၊ ငါးအခြောက်၊ ငါးချဉ်၊ ငါးပိ စသောပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်စားသုံးနိုင်သောအာဟာရမြင့်အစာဖြစ်ခြင်း၊ ပမာဏနည်းနည်းချင်းလည်း ဝယ်ယူနိုင်ခြင်း၊ အခြားဟင်းသီးဟင်းရွက်များနှင့်ရောနှောချက်ပြုတ်စားသုံးနိုင်ခြင်း စသည်တို့ဖြစ်သည်။

**ခေါင်းတစ်ရာသား ငါးသိန်းတုတ်ငါး**

"ချမ်းသာချင်ရင် ခေါင်းတစ်ရာသား စားပါ"ဆိုပြီး ရှေးလူကြီးများ ဆုံးမခဲ့သည့် ဆိုစကားအတိုင်း ကုန်ကျစရိတ်လည်း သက်သာ၊ အာဟာရဓာတ်လည်း ပေါများကြွယ်ဝသည့် ငါးသိန်းတုတ်ငါးသေးသေးလေးများသည် မိသားစုထမင်းဝိုင်းအတွက် ဟင်းကောင်းတစ်ခွက်ဖြစ်သည်။

**ကျန်းမာရေးအကျိုးကျေးဇူး**

ငါးသိန်းတုတ်ငါးကလေးများတွင် ဗီတာမင်အေ၊ ဇင့်၊ သံဓာတ်၊ ကယ်လ်စီယမ်နှင့် ဗီတာမင်ဘီတွဲတို့ ပါဝင်သည်။ ကိုယ်ဝန်စရှိသည့်အချိန်မှ ကလေးအသက်နှစ်နှစ်ထိ ငါးသိန်းတုတ်ငါးကလေးများကို ပုံမှန်စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်သည်။

ငါးသည် အရည်အသွေးမြင့် ပရိုတင်းအရင်းအမြစ်တစ်ခုဖြစ်ပြီး ၎င်းပရိုတင်းဓာတ်ကို လူ့ခန္ဓာကိုယ်က အလွယ်တကူစုပ်ယူနိုင်သည်။ ငါးသည် အခြားအစားအစာမှ အာဟာရဓာတ်များ စုပ်ယူနိုင်မှုကိုလည်း ကူညီပေးသည်။

ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များအတွက် သန္ဓေသားကြီးထွားနှုန်းနှင့် နို့တိုက်မိခင်များ ကျန်းမာသန်စွမ်းနိုင်ရန် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များကို ငါးသိန်းတုတ်ငါးငယ်လေးများ စားပေးခြင်းဖြင့် ရရှိနိုင်သည်။

ငါးသိန်းတုတ်ငါးကလေးများကို ဟင်းသီးဟင်းရွက်များ၊ အခြားသီးနှံများနှင့် ရောနှောချက်ပြုတ် စားသောက်ခြင်းဖြင့်လည်း ညီညွတ်မျှတသော အာဟာရကို ရရှိစေသည်။

**❖ ငါးသိန်းတုတ်ငါးကလေးများတွင် ဗီတာမင်အေ၊ ဇင့်၊ သံဓာတ်၊ ကယ်လ်စီယမ်နှင့် ဗီတာမင်ဘီတွဲတို့ ပါဝင်သည်။ ကိုယ်ဝန်စရှိသည့်အချိန်မှ ကလေးအသက်နှစ်နှစ်ထိ ငါးသိန်းတုတ်ငါးကလေးများကို ပုံမှန်စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်သည်။ ငါးသည် အရည်အသွေးမြင့် ပရိုတင်းအရင်းအမြစ်တစ်ခုဖြစ်ပြီး ၎င်းပရိုတင်းဓာတ်ကို လူ့ခန္ဓာကိုယ်က အလွယ်တကူစုပ်ယူနိုင်သည်။ ငါးသည် အခြားအစားအစာမှ အာဟာရဓာတ်များ စုပ်ယူနိုင်မှုကိုလည်း ကူညီပေးသည်။ ❖**

အချုပ်အားဖြင့် ဆိုရသော် အရွယ်သေးငယ်သော ငါးသိန်းတုတ်ငါးလေးများသည် ဆောင်းရာသီစာငါးလေးတစ်မျိုးဖြစ်ပြီး တစ်ကောင်လုံး စားသုံး၍ရသည့်အပြင် အာဟာရဓာတ်များ စုံလင်ကြွယ်ဝစွာ ပါရှိနေသောကြောင့် စားပေးသင့်သည့် ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

**ကိုးကား**


- မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၁)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar


# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဖာပွန် ဒီဇင်ဘာ ၂၁

ကရင်ပြည်နယ်ဖာပွန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင် သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပန်းကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



မြောင်းမြ ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပန်းကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီသီလှိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းကဏန်း ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပန်းကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို မြောင်းမြမြို့နယ်ကနေ ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပန်းကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ မြောင်းမြမြို့နယ်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ ဝယ်ယူမှုကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင် လည်ပတ်လာရပါတယ်"ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီသီလှိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပန်းကဏန်းများ ဝယ်ယူမှုကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၂၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဘုတလင် ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၄၂၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲကြီး ဧက ၄၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၂၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။



ဘုတလင်မြို့နယ်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် စည်ပင်သာကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်ခြင်းလုပ်ငန်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာအုပ်စု စည်ပင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက စည်ပင်သာကျေးရွာ၌ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

စည်ပင်သာကျေးရွာ၌ အရှည် ၁၇၆၄ ပေရှိ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီဆောင်ရွက်ပေးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထု ကိုယ်တိုင် နိုဝင်ဘာ ၁၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# နတ်မောက်မြို့နယ် ဘော်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

နတ်မောက် ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဘော်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘော်အိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၁၆ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**သူသူ**

# ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

ဟင်္သာတ ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ငူကျေးရွာအုပ်စု ကညင်ငူကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ကညင်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကညင်ငူကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၇၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၀၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ရန်ပုံငွေကျပ် ၃၉၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ကျွန်တော်နှင့်ဆရာကြီး ဒေါက်တာရဲအောင်

အောင်ကြည်ညွန့်(တက္ကသိုလ်)



ကျွန်တော်နှင့် ဆရာကြီး ဒေါက်တာရဲအောင်တို့သည် ရုံးတစ်ရုံးတွင်တွေ့ကြပြီး အထက်အရာရှိနှင့် လက်အောက် ဆရာတပည့်အဆင့်သာမကဘဲ မိမိ၏ မိဘ၊ မိမိ၏ဆရာသဖွယ် ချစ်ခင်သံယောဇဉ်ဖြစ်သွားခဲ့ကြသည်။

ကျွန်တော်သည် မြန်မာနိုင်ငံ ပညာရေးသုတေသနဗျူရို နောင် ပညာရေးသုတေသနဌာနသို့ ၁၉၇၅ ခုနှစ်တွင် စတင်အမှုထမ်းခဲ့သည်။ ပညာရေးရုပ်ရှင်ဌာန ပညာရေးသတင်းတွင်ဖြစ်သည်။ ပညာသည် အဆင့်(၂) (JAT Scale) ဓာတ်ပုံဆရာ၊ သတင်းထုတ်ပြန်သူဖြစ်သည်။

ဆရာကြီးဦးရဲအောင်မှာ ပညာရေးတက္ကသိုလ်လက်ထောက်ကထိကမှ ပညာရေးသုတေသနဌာနသို့ ပညာရေးသုတေသနအရာရှိအဖြစ် ရောက်ရှိလာသောကြောင့် ကျွန်တော်နှင့် တွေ့ရသည်။ ဆရာကြီးက ပညာရေးသုတေသနဌာနတွင် ဝိဇ္ဇာဌာနမှူးဖြစ်သည်။ ဆရာကြီးဦးသန်းဦးက ပညာရေးသုတေသနဌာနဥက္ကဋ္ဌဖြစ်ပြီး ဒုတိယအကြီးအကဲမှာ ဆရာကြီး ဦးကြင်ထွန်းဖြစ်သည်။

ပညာရေးသုတေသနဌာနကို ကျွန်တော်ရောက်ပြီး နှစ်နှစ်ခန့်အကြာတွင် ဆရာကြီး ဦးသန်းဦးက အခြေခံပညာညွှန်ကြားရေးမှူးချုပ်အဖြစ် ကမ်းနားလမ်း ခြောက်ထပ်ရုံးရှိ အခြေခံပညာဦးစီးဌာနသို့ ပြောင်းရွှေ့ရုံးထိုင်သွားသည်။ ဒုတိယအကြီးအကဲဖြစ်သူ ဆရာကြီး ဦးကြင်ထွန်းသည် ရုတ်တရက် ကွယ်လွန် သွားခဲ့သည်ဖြစ်၍ ဆရာကြီးဦးရဲအောင်မှာ ဆရာကြီး ဦးသန်းဦး ညွှန်ကြားရေးမှူးချုပ်အဖြစ် မပြောင်းမီ တစ်နှစ်ခန့်အကြာတွင်ပင် အထက်တန်းသုတေသနအရာရှိဖြစ်နေပါပြီ။ ထို့ကြောင့် ဆရာကြီး ဦးသန်းဦး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့် အချိန်တွင် ဆရာကြီး ဦးရဲအောင်သည် ပညာရေးသုတေသနဌာန၏ ယာယီဥက္ကဋ္ဌဖြစ်လာသည်။ ပညာရေးသုတေသနဌာနဥက္ကဋ္ဌသည် ဌာနအကြီးအကဲဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်တူသည်။

ကျွန်တော်သည် ဓာတ်ပုံဆရာ၊ သတင်းသမားဖြစ်သည့် အားလျော်စွာ ဌာနအကြီးအကဲလှုပ်ရှားဆောင်ရွက်ရာတွင်၊ အစည်းအဝေး၊ ပညာရေးပွဲလမ်းသဘင်တွင် အမြဲတမ်းနောက်တော်ပါးက ပါနေကျဖြစ်သည်။ နောင်သောအခါ ပညာရေးဝန်ကြီးဌာနသတင်းများပါ ရိုက်ကူးထုတ်လုပ်ကာ သတင်းထုတ်ပေးရသည်။

ဆရာကြီးဒေါက်တာရဲအောင်သည် မြန်မာနိုင်ငံပညာရေးသုတေသနဌာနဥက္ကဋ္ဌရာထူးကို ၁၉၈၀ ပြည့်နှစ်တွင် ခန့်အပ်ခံရသည်။ ဆရာကြီးမိသားစုလည်း ပညာရေးသုတေသနရုံးအဝင်တွင်ရှိသော ပညာရိပ်သာလမ်း အိမ်ကြီးသို့ပြောင်းရွှေ့လာခဲ့သည်။

ဆရာကြီးသည် ကျွန်တော့်ကို သားသမီးကဲ့သို့ ချစ်ခင်သည်။ မကြာမီ ဆရာကြီးအိမ်သည် ကျွန်တော်တို့၏ စားအိမ်သောက်အိမ်ဖြစ်သွားသည်။ ဆရာကြီး၏ဇနီး ဒေါ်ခင်ဝင်းအောင်သည် ကျောင်းအုပ်ဆရာမကြီးဖြစ်သည်။ ဆရာကြီးတို့ဇနီးမောင်နှံတွင် သားနှစ်ယောက်ထွန်းကားခဲ့သည်။ ဆရာမကြီးသည် မင်္ဂလာဒုံ အခြေခံပညာအလယ်တန်းကျောင်းမှ ပြည်လမ်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းသို့ ကျောင်းအုပ်ကြီးအဖြစ် နောင်တွင်ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

ဆရာကြီးသည် မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီဝင်လည်းဖြစ်သဖြင့် စာတတ်မြောက်ရေးအောင်ပွဲများ၊ ဖွင့်ပွဲများ၊ ဟောပြောပွဲများ၊ စည်းရုံးရေးများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများကို မြန်မာနိုင်ငံတစ်နံတစ်လျား သွားရောက်ရသည်။ ကျွန်တော်သည် ဆရာကြီးနှင့် အမြဲပါမြဲဖြစ်သည်။ ဝန်ကြီး၊ ဒုတိယဝန်ကြီးခရီးစဉ်များနှင့် တိုက်ဆိုင်နေမှသာ ဆရာကြီးနှင့်မလိုက်ဖြစ်ခြင်းဖြစ်သည်။

**မာနမကြီးသည့်ဆရာကြီး**

ဆရာကြီးသည် ဌာန၏အကြီးအကဲဆိုပြီး မာနမကြီးပါ။ လက်အောက်ငယ်သားများကို မောက်မောက်မာမာ မဆက်ဆံပါ။ နာမည်ခေါ်ရာတွင်ပင် အမျိုးသားများကို 'ကို'၊ အမျိုးသမီးများကို 'မ'တပ်ခေါ်သည်။ လက်အောက်ငယ်သားများကို ညှာတာသည်။ တာဝန်ခံရဲ တာဝန်ယူရဲသည့် ဌာနအကြီးအကဲလူကြီးလူကောင်းဖြစ်သည်။ ကျွန်တော်တို့တစ်ရုံးလုံးက ဆရာကြီးကို ချစ်ကြောက်ရိုသေကြပါသည်။

**ကားမောင်းဝါသနာပါသောဆရာကြီး**

ကျွန်တော်တို့သည် ရုံးကိစ္စများ၊ စာတတ်မြောက်ရေးကိစ္စများ၊ အခြားဖိတ်ကြားသောကိစ္စများအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများသို့ ရုံးကားဖြင့် ခရီးသွားရသည်။ တစ်နှစ်တွင် ဆရာကြီး ကျောင်းအုပ်လုပ်ခဲ့သော ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုအခြေခံပညာအထက်တန်းကျောင်း ငွေရတုသဘင်သို့ ဆရာကြီးနှင့်အဖွဲ့ သွားရောက်ခဲ့သည်။ ရုံးကားဖောက်ဝက်ဂွန်းပေါင်မုန့်ကားနှင့်သွားရာ ထုံးဘိုထိ ဆရာကြီးကိုယ်တိုင်မောင်းသည်။ အတူစား၊ အတူသွားနှင့် ဇာမချဲ့သော၊ ဂုဏ်မမောက်သောဆရာကြီးဖြစ်သည်။ ဆရာကြီး၏ဇနီး ဒေါ်ခင်ဝင်းအောင်မှာ ထုံးဘိုသူဖြစ်သည်။

၁၉၅၅ ခုနှစ်က ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘို၌ ကျောင်းအုပ်ဖြစ်ပြီး ၁၉၅၈ ခုနှစ်တွင် မိဘများ၏သဘောတူခွင့်ပြုချက်အရ ဒေါ်ခင်ဝင်းအောင်နှင့် ထိမ်းမြားလက်ထပ်ခဲ့ခြင်းဖြစ်သည်။

ထုံးဘို အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဘဝဖြင့်ပင် ဆိုဗီယက်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့ရသည်။ လေးနှစ်ကြာ သင်ကြားပြီး ပါရဂူဘွဲ့ (Ph.D)ရခဲ့သည်။

**ပညာရေးဝန်ထမ်းဘဝတွင် အထူးခြားဆုံးဆရာကြီး**

မြန်မာနိုင်ငံပညာရေးသုတေသနဌာနမှူး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်ဆရာကြီးကဲ့သို့ ဌာနကြီးသုံးခုတွင် ဌာနအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့ဖူးသူမှာ မရှိသလောက်ပင်ဖြစ်သည်။ ဤသည်မှာ ဆရာကြီး ဒေါက်တာရဲအောင်၏ ထူးခြားသော အစိုးရအမှုထမ်းကောင်းအင်္ဂါရပ်ဟုပင် ဆိုရပါမည်။

ဆရာကြီးသည် ၁၉၇၇ ခုနှစ်တွင် ဆရာကြီး ဦးသန်းဦး အခြေခံပညာညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သောအခါ ၁၉၇၇ ခုနှစ်မှ၁၉၈၀ပြည့်နှစ်ထိယာယီဥက္ကဋ္ဌ(ပညာရေးသုတေသနဌာန)၊ ထို့နောက် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ်ထိ ပညာရေးသုတေသနဌာနဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။

ထို့နောက် နိုင်ငံတော်က ဆရာကြီးဒေါက်တာရဲအောင်ကို ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ပါမောက္ခချုပ်ရာထူး တစ်နှစ်တာမျှ ထမ်းဆောင်ပြီး ၁၉၈၇ ခုနှစ်တွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပြန်သည်။

၁၉၈၈ ခုနှစ်တွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အငြိမ်းစားယူသည်။ ပညာရေးတက္ကသိုလ်တွင် အချိန်ပိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ပညာရေးဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ၁၉၉၆ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးသုတေသနဌာနတွင် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ကွယ်လွန်ချိန်ထိ တာဝန်ယူ ထမ်းဆောင်ခဲ့သည်။

**❖ မြန်မာနိုင်ငံပညာရေးသုတေသနဌာနမှူး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်ဆရာကြီးကဲ့သို့ ဌာနကြီးသုံးခုတွင် ဌာနအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့ဖူးသူမှာ မရှိသလောက်ပင်ဖြစ်သည်။ ဤသည်မှာ ဆရာကြီး ဒေါက်တာရဲအောင်၏ ထူးခြားသောအစိုးရအမှုထမ်းကောင်းအင်္ဂါရပ်ဟုပင်ဆိုရပါမည်။ ဆရာကြီးသည် ၁၉၇၇ ခုနှစ်တွင် ဆရာကြီး ဦးသန်းဦး အခြေခံပညာညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သောအခါ ၁၉၇၇ ခုနှစ် မှ ၁၉၈၀ ပြည့်နှစ်ထိ ယာယီဥက္ကဋ္ဌ (ပညာရေးသုတေသန ဌာန)၊ ထို့နောက် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ်ထိ ပညာရေးသုတေသနဌာနဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ❖**

**ဆရာကြီး၏စာပေဘဝအကျဉ်း**

၁၉၇၂ ခုနှစ်တွင် ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒုတိယဗိုလ်မှူးကြီး စံမြင့်က ဆရာကြီး ဒေါက်တာရဲအောင်ကို ၁၉၇၀ ပြည့်နှစ်က စတင်ထုတ်ဝေခဲ့သော ပညာလောကစာစောင်တွင် ဆောင်းပါးများ ရေးသားနိုင်ရန်အတွက် ပညာသုတေသနဌာနသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ဆရာကြီးဒေါက်တာရဲအောင်သည် ပညာတန်ဆောင်မဂ္ဂဇင်းတွင် ၁၉၆၇ ခုနှစ် ဩဂုတ်လမှအစပြု၍ 'ဆိုရှယ်လစ်ပညာရေး'ဆောင်းပါးဖြင့် စတင်ရေးသားခဲ့ပြီး ကွယ်လွန်ချိန်ထိ ဆောင်းပါးများ များစွာ ရေးသားခဲ့သည်။

ဆရာကြီးဒေါက်တာရဲအောင် ရေးသားသည့် လုံးချင်းစာအုပ် လေးအုပ်ကို မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့က ပုံနှိပ်ထုတ်ဝေခဲ့သည်။

(၁) ဓမ္မဓိဋ္ဌာန်စစ်ဆေးနည်းနှင့် အခြားစာတတ်မြောက်မှုစစ်ဆေးနည်းများ၊
(၂) အသုံးဝင်သောဂုဏ်ရည်တူမေးခွန်းနှင့် ဂုဏ်ယှဉ်တူမေးခွန်းလွှာများ၊
(၃) ပညာရေးရည်ရွယ်ချက်များအရ လုပ်ငန်းနယ်ပယ်ခွဲခြားချက်များ၊
(၄) သင်ပြနည်းဆိုင်ရာ အခြေခံသိမှတ်ဖွယ်ရာများ စာအုပ်တို့ဖြစ်သည်။

ဆရာကြီးသည် ပညာတန်ဆောင်တွင် ဆောင်းပါး ၁၃၅ ပုဒ်နှင့် ပညာလောကတွင် ဆောင်းပါး ၂၅ ပုဒ် ရေးသားခဲ့သည်။

ပညာတန်ဆောင် နှစ် ၆၀ ပြည့် အထိမ်းအမှတ်ထုတ်ဝေခဲ့သော 'ဆရာဆိုတာ' စာအုပ်မှာ ဆရာကြီးဒေါက်တာရဲအောင်၏ ဆရာ၊ ဆရာမများအတွက် စေတနာထား၍ ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆရာကန်တော့ပွဲတစ်ခုတွင် ဆရာကြီးဒေါက်တာရဲအောင်၏ဆုံးမစကားကို သတိတရ ဖော်ပြလိုက်ပါသည်။

**ပညာသည် ကုသိုလ်ကောင်းမှုကို အမျှပေးဝေသကဲ့သို့ပင် မယုတ်လျော့သောသဘောကိုဆောင်ပေသည်။ ဆီမီးတောက်တစ်ခုမှ ဆီမီးတောက်ပေါင်းမည်မျှကိုပင် ခွဲဝေကူးညှိပေးစေကာမူ ပထမဆီမီးတောက်၏အရှိန်အဝါသည် ကျဆင်းမှေးမှိန်ခြင်းမဖြစ်သကဲ့သို့ ဆရာသည် မိမိတတ်မြောက်ကျွမ်းကျင်ပြီး အသိအတတ်နှင့် ကျွမ်းကျင်မှုကို တပည့်အား မည်မျှပင် သင်ကြားပေးစေကာမူ မိမိ၌ရှိပြီးဖြစ်သော အသိအတတ်ကျွမ်းကျင်မှုများ လျော့ပါးဆုံးရှုံးခြင်းမရှိနိုင်ကြောင်း သတိပြုရမည်။**

ဆရာကြီးသည် အသက် ၇၈ နှစ်ထိ လူ့ဘဝတွင်နေခဲ့ရစဉ်အတွင်းက မိမိပခုံးပေါ်တွင် တင်ပေးလိုက်သော ပညာရေးသမိုင်းတာဝန်ကို ထူးထူးချွန်ချွန် သယ်ပိုးထမ်းဆောင်ခဲ့သော ပညာရေးပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းကို သူ့ဘဝလုပ်ဆောင်ချက်များ၊ သူရေးသားခဲ့သောစာပေများက ညွှန်ပြလျက်ရှိသောကြောင့် မြတ်ဆရာအဖြစ် ဂုဏ်ပြုတင်ပြအပ်သည်။

ဆရာကြီးသည် အသက် ၇၈ နှစ်၊ ၂၀၀၆ ခုနှစ် ဇွန် ၂၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

ပညာရေးလောကတွင် ရှားမှုရှားသော ပညာရေးသမားဆရာကြီးတစ်ပါးပင်ဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## သူ့နေရာနဲ့သူ

မင်္ဂလာပါ ကလေးတို့ရေ။ ဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်ကလေးကတော့ သူ့နေရာနဲ့သူဆိုတဲ့ ပုံပြင်ကလေးဖြစ်ပါတယ်ကွယ်။

တစ်ခါက တောအုပ်ကြီးတစ်ခုရဲ့အလယ်မှာ ရေကန်ကြီးတစ်ကန်ရှိသတဲ့ကွယ်။ ရေကန်ကြီးရဲ့ ဘေးမှာတော့ ဖားကလေး ပြူးစိန်၊ မျောက်ကလေး ညိုညိုနဲ့ တောကြက်ကလေးတစ်ကောင်တို့အတူတကွ နေထိုင်ကြသတဲ့ကွယ်။ တစ်နေ့မှာတော့ ဖားကလေး ပြူးစိန်ဟာ သူငယ်ချင်းတွေဖြစ်တဲ့ မျောက်ကလေး ညိုညိုနဲ့ ကိုတောကြက်ကို အခုလိုပြောလိုက်သတဲ့ ကွယ်။ သူငယ်ချင်းတို့ရေ တို့တစ်တွေနေထိုင်လာတာ ကမ္ဘာကြီးအတွက် ဘာအကျိုးမှမပြုသလိုပဲကွာ။ အကျိုးရှိတဲ့အလုပ်တွေ လုပ်ရအောင်လို့ တိုင်ပင် သတဲ့ကွယ်။

ဖားကလေးပြူးစိန်ရဲ့စကားကိုကြားတော့ သူတို့ တစ်တွေ ဘာလုပ်ကြရင်ကောင်းမလဲလို့ စဉ်းစားကြ တယ်တဲ့ကွယ်။ ဒီလိုနဲ့ သူတို့တစ်တွေ စဉ်းစားလို့ ရသမျှအကြံတွေကို ပယ်ချလိုက်၊ ပြန်စဉ်းစားလိုက်နဲ့ သံသရာလည်နေတော့တာပေါ့။ အချိန်တွေကြာလာ တော့ ဖားကလေးပြူးစိန်ဟာ ပညာရှိယုန်မင်းဆီ အကြံဉာဏ်တောင်းခံဖို့ သွားကြမယ်လို့ ပြောလိုက် သတဲ့ကွယ်။

သူငယ်ချင်းသုံးယောက်ဟာ ပညာရှိယုန်မင်းဆီ ခရီးထွက်လာကြသတဲ့ကွယ်။ ရေကန်ကြီးရှိတဲ့နေရာ ကနေ ဘယ်ကိုမှမသွားဖူးကြတော့ သူတို့တစ်တွေဟာ လမ်းတွေမှားပြီး မျက်စိလည်နေကြသတဲ့ကွယ်။ မျောက်ကလေးညိုညိုဟာ သူငယ်ချင်းတွေအတွက် အစာရှာပေးသတဲ့။ ကိုတောကြက်ကတော့ သာယာ တဲ့ သူ့ရဲ့အသံနဲ့ ပညာရှိယုန်မင်းရှိရာအရပ်ကို ပြောပြ ပေးဖို့ လမ်းခရီးမှာတွေ့ရတဲ့ ဦးချိုတွေနဲ့ သမင် ကလေးတစ်ကောင်ကို အခုလိုပြောလိုက်သတဲ့ကွယ်။

"သိပ်ကိုလှပတဲ့သမင်လေးရေ ကျွန်တော်တို့ တစ်တွေဟာ ပညာရှိယုန်မင်းဆီသွားတာ မျက်စိ လည် လမ်းမှားနေလို့ပါခင်ဗျာ။ ပညာရှိယုန်မင်းရှိရာ အရပ်ကို လမ်းညွှန်ပေးရင် သိပ်ကိုကျေးဇူးတင်မိမှာပါ ခင်ဗျာ"လို့ ပြောလိုက်တာပေါ့။ သမင်ကလေးလဲ ကိုတောကြက်ရဲ့မေးမြန်းသံအဆုံး ပညာရှိယုန်မင်း ရှိရာအရပ်ကို ကိုယ်တိုင်လိုက်ပို့ပေးသတဲ့ကွယ်။



ဒီလိုနဲ့ ခရီးဆက်သွားကြရာ နှစ်ရက်ကြာတဲ့အခါ ပညာရှိယုန်မင်းနေတဲ့နေရာကို ရောက်သွားသတဲ့။ ပညာရှိယုန်မင်းက "ဖားကလေးပြူးစိန်တို့ သူငယ်ချင်းသုံးယောက် ဘာအခက်အခဲတွေရှိသလဲ၊ ဘာတွေများ ကူညီဖြေရှင်းပေးရမလဲ"လို့ မေးလိုက် သတဲ့ကွယ်။ ဖားကလေးပြူးစိန်ဟာ ပညာရှိ ယုန်မင်း ရဲ့စကားကိုကြားတာနဲ့ အခုလိုပြောလိုက်တာပေါ့။

"ပညာရှိယုန်မင်းခင်ဗျာ ကျွန်တော်တို့တစ်တွေ ဟာ အများအကျိုးအတွက် ကောင်းမှုကုသိုလ်လေး တွေလုပ်ခဲ့ချင်လို့ပါခင်ဗျာ။ ဘာတွေလုပ်ရမလဲဆိုတာ လမ်းညွှန်ပြသပေးပါ"လို့ ပြောလိုက်သတဲ့။

ပညာရှိယုန်မင်းဟာ ဖားကလေးပြူးစိန်ရဲ့စကား ကိုကြားတော့ သင်တို့ဟာ သူ့နေရာနဲ့သူ လောက ကြီးကို အကျိုးပြုကြောင်း အခုလိုရှင်းပြလိုက် တာပေါ့ကွယ်။

"ဖားကလေးပြူးစိန်ရေ သင်ဟာ မိုးလေဝသပညာ ရှင်ကြီးပါ။ မိုးတွေရွာတော့မယ်ဆိုရင် သင့်ရဲ့မိုးလေဝသ ခန့်မှန်းပေးမှုတွေကြောင့် အချိန်မီ ရေဘေးအန္တရာယ်၊ မိုးကြိုးမုန်တိုင်းအန္တရာယ်တွေရဲ့ဘေးကနေ ရှောင်ရှား နိုင်ပါတယ်"လို့ ပြောလိုက်သတဲ့။ မျောက်ကလေး ညိုညိုဟာလဲ သူကောဘာလုပ်သင့်သလဲလို့ မေး တယ်တဲ့ကွယ်။ ပညာရှိယုန်မင်းက အခုလိုထပ်ပြီး ဖြေရှင်းပေးလိုက်တယ်တဲ့။ "မျောက်ကလေး ညိုညိုရေ သင်ဟာ ကျုပ်ဆီကို လာတဲ့လမ်းခရီးမှာ သူငယ်ချင်း တွေအတွက် လိုအပ်တဲ့စားစရာတွေကိုရှာဖွေပေးခဲ့ တာမလား။ သင်ဟာလဲ သူ့နေရာနဲ့သူ အသုံးကျပါ တယ်"လို့ ပြောလိုက်သတဲ့။ မျောက်ကလေး ညိုညိုလဲ ပညာရှိယုန်မင်းရဲ့စကားကိုကြားတော့ အချင်းချင်း ကူညီရိုင်းပင်းရင်း နေထိုင်သွားတော့မယ်လို့ ဆုံးဖြတ် လိုက်သတဲ့။ ကိုတောကြက်ကလေးဟာလဲ သူကော ဘယ်လိုလုပ်ရမလဲလို့ မေးမြန်းသတဲ့ကွယ်။

ပညာရှိယုန်မင်းဟာ အခုလိုထပ်ပြောသတဲ့။ "တောကြက်ကလေးရေ သင်ရဲ့အချိန်မှန်မှန် တွန်ကျူးသံကြောင့် ကျုပ်တို့သတ္တဝါတွေအတွက် သာမက လူတွေအတွက်ပါ အကျိုးပြုတဲ့အကြောင်း" ရှင်းပြလိုက်သတဲ့။ ပညာရှိယုန်မင်းရဲ့စကားကို ကြားတော့ ဖားကလေးပြူးစိန်တို့ သူငယ်ချင်း သုံးယောက်ဟာ သူ့နေရာနဲ့သူ အသုံးဝင်ကြောင်း သိရှိပြီး အချင်းချင်းကူညီရိုင်းပင်းကာ နေထိုင်သွား ကြသတဲ့။

ကလေးတို့ရေ သတ္တဝါလေးတွေဟာ လူတွေကို အကျိုးပြုရုံသာမက သူ့နေရာနဲ့သူ အသုံးဝင်တယ် ဆိုတာ ဒီပုံပြင်ကလေးကို နားထောင်လိုက်ရတဲ့အခါ မှာ နားလည်သွားကြမယ်ထင်ပါတယ်။ ကလေးတို့လဲ အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ မိဘတွေ၊ ဆရာ၊ ဆရာမတွေကို ကိုယ်နိုင်တဲ့ဘက်က ကူညီရင်း သူ့နေရာနဲ့သူ အသုံးဝင်သူဖြစ်အောင် ကြိုးစား နေထိုင်သွားကြရမယ်နော်။ လိမ္မာယဉ်ကျေးတဲ့သား၊ သမီးလေးတွေ ဖြစ်ကြပါစေကွယ်။

**မယ်လေးခင်(မနော‌မြေ)**

## နံနက်ချိန်



♦ အိပ်ရာထရင် မျက်နှာသစ်လို့
ကိုယ်စိတ်နှစ်ပါး ကြည်လင်ကွယ်။

♦ ကိုယ်လက်ခန္ဓာ သန့်ရှင်းရေးမို့
အညစ်ကြေးလည်း ကင်းစင်ဖွယ်။

♦ အိမ်အတွင်းပြင် တံမြက်လှဲလို့
ရေအိုးစင်လည်း ရေဖြည့်ကွယ်။

♦ ဗုဒ္ဓမြတ်စွာ ရည်မျှော်မှန်းလို့
သံဃာတန်းလည်း ဆွမ်းလောင်းကွယ်၊
နံနက်ချိန်ဝယ် ပြုဆောင်ဖွယ်။ ။

**မောင်စစ်သွေး**

## စည်းကမ်းရှိရှိ




♦ တစ်စနှစ်စ သုံးလေးစ
လမ်းပေါ်တွင် ရှုပ်ပွ။

♦ စွန့်ပစ်သူက များလေကာ
အမှိုက်တွေပေါလာ။

♦ ဆင်ခြင်ဖွယ်ရာ သိဉာဏ်နှမ်း
ပတ်ဝန်းကျင်ညစ်ညမ်း။

♦ လူသွားလျှောက်လမ်း စကြံ်တွင်
စည်းကမ်းရှိစေချင်။

♦ အမှိုက်ကင်းစင် ပပျောက်ရေး
ဝိုင်းဝန်းဆောင်ရွက်ပေး။ ။

**မောင်ချမ်းမြေ့(ပညာရေး)**




ABL APP is now AVAILABLE in both MM and ENG versions!


## ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား (၂၀၂၅)ခုနှစ် မော်တော်ဆိုင်ကယ်ရပ်နားခွန် လေလံခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားဂေါပကအဖွဲ့မှ မော်တော်ဆိုင်ကယ် ရပ်နားခွန်ကောက်ခံခြင်းလုပ်ငန်းကို လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါ၍ လေလံဆွဲဝယ်လိုသူများသည် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားဂေါပကရုံး၌ လေလံလျှောက်လွှာများကို တစ်စောင်လျှင် ကျပ် (၁၀၀၀၀)နှုန်းဖြင့် ရုံးအဖွဲ့မှူးထံတွင် လာရောက်ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာများကို (၃၀-၁၂-၂၀၂၄)ရက်နေ့ ရုံးချိန် (၁၆၀၀)နာရီ နောက်ဆုံးထား၍ ဂေါပကရုံးသို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ရက်ထက် နောက်ကျလာသော လေလံများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာများကို (၃၁-၁၂-၂၀၂၄)(အင်္ဂါနေ့) နံနက်(၀၉၃၀) နာရီအချိန်တွင် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ လေလံလုပ်ငန်းလုပ်ပိုင်ခွင့်ရရှိသူများသည် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးဂေါပကအဖွဲ့၏ အုပ်ချုပ်ကွပ်ကဲမှုကို ခံယူနိုင်ရမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်လေလံချပေးခြင်းနှင့်ပတ်သက်၍ ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
လေလံကော်မတီ

## အမရပူရမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ အိတ်ပိတ်လေလံကြော်ငြာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် သမဝါယမအသင်းစုပိုင် နန်းသိင်္ဂီအထည်စက်ရုံရှိ ဂျပန်စက်ရက်ကန်းစင်အဟောင်း (၁၀)စင်နှင့် စက်ချားတစ်စုံတို့အား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချ မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေလံဝယ်ယူသူများအနေဖြင့် လေလံလျှောက်လွှာနှင့် လေလံစည်းကမ်းများကို မြို့နယ်သမဝါယမအသင်းစုရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) လေလံလျှောက်လွှာရောင်းချမည့်ရက် | - | ၂၃.၁၂.၂၀၂၄ |
| ( ခ ) လေလံလျှောက်လွှာပိတ်မည့်ရက် | - | ၂.၁.၂၀၂၅(၁၆:၀၀)နာရီ |
| ( ဂ ) လေလံဖွင့်ရောင်းချမည့်ရက် | - | ၃.၁.၂၀၂၅ |
| (ဃ) လေလံဖွင့်ရောင်းချမည့်နေရာ၊ အချိန် | - | မြို့နယ်သမဝါယမအသင်းစုရုံး နံနက် (၁၀:၀၀)နာရီ |

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း ၀၉-၉၇၀၉၉၀၆၄၂၊ ၀၉-၄၂၉၈၁၄၉၆၄၊ ၀၉-၄၄၄၀၄၃၉၅၃၊
၀၉-၇၇၄၃၆၆၈၄၉၊ ၀၉-၄၄၉၈၅၆၄၁၈

လေလံထုခွဲရောင်းချရေးအဖွဲ့
မြို့နယ်သမဝါယမအသင်းစုလီမိတက်
အမရပူရမြို့

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ မြေပဲတန်း ရပ်ကွက်အတွင်းရှိ အိမ်အမှတ်(၁၁၁) အရှေ့အနောက်တောင်ဘက် (၁၅)ပေ၊ အရှေ့အနောက်မြောက်ဘက် (၁၃)ပေ၊ တောင်မြောက်အရှေ့ဘက်(၂၈)ပေ၊ တောင်မြောက်အနောက်ဘက် (၃၁)ပေ ကျယ်ဝန်းသော မြေနှင့် မြေပေါ်ရှိ (၂ x ၂)ခန်း ထရံကာ သွပ်မိုးနှစ်ထပ်တိုက်တစ်လုံး ရေမီးအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဇော်မျိုးထွန်း (ခ) ဦးမုန်းတင် (၉/အမရ(နိုင်)၁၂၆၂၈၉)ထံမှ ရန်ကုန်မြို့နေ ဒေါ်သက်သက်ခိုင်(၁၂/သဃက(နိုင်)၁၄၅၉၅၀)မှ အပြီးအပိုင်ဝယ်ယူရန် စရံပေးစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်သက်သက်ခိုင်
(၁၂/သဃက(နိုင်)၁၄၅၉၅၀)
၅၈/ခ တိုးချဲ့(၃)လမ်း (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီး ရ.က.က(၁၉)နေ မောင်ဖြိုးဇော်ထက် (ဘ) ဦးဇော်မြင့် (၉/မမန(နိုင်)၀၈၄၆၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၃၉၀၉၆၇၇

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ပိုစိုး။**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၁၂၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ရေဦး ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး၅၁၂၁၁ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၆၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၁၂၁၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၈ ဒသမ ၇၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ စပါးဧက ၈၁၀၀၀ ကျော်ထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက၅၁၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်း



ပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။ (၂၀၆)

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်





၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



နေပြည်တော် – ဖုန်း – ၀၆၇ – ၃၄၃၄၇၁၂၊ ၀၉ – ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၈၃၇၈၉၆၅၊ ၀၉ – ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) – ၀၁ – ၈၃၇၈၉၆၃

၂၉×၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း – ၀၉ – ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) – ၀၂ – ၄၀၃၀၄၆၇

We Protect The Family





ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ

- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူသက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်။
- ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီစ် (Filter) မပါဘဲတိုက်ရိုက် ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍ အန္တရာယ်ကြီးမားပါသည်။







- တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်။

- ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်။
- နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင် ပမာဏ ပြန်တက်လာပါမယ်။
- နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်။
- ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်။



- **“ပြည့်အင်အားဟာ ပြည်တွင်းမှာသာ ရှိသည်”ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံ နယ်ပယ်နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...**
- **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# 5th AVF ASIAN Vovinam Championships 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဗိုဗီနမ်အသင်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူး




နေပြည်တော် ဒီဇင်ဘာ ၂၁

5th AVF ASIAN Vovinam Championships 2024 ပြိုင်ပွဲကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့တွင် ဒီဇင်ဘာ ၁၇ ရက်မှ ၂၂ ရက်ထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ဗိုဗီနမ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည့် Ying Yang swond form female ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ four Ele-ment staff form male ပြိုင်ပွဲတွင် တင်ထူးဇော်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Dual form 3 ပြိုင်ပွဲတွင် အိုက်စိုးလင်းနှင့် တင်ထူးဇော်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Ying Yang swond form male ပြိုင်ပွဲတွင် အိုက်စိုးလင်းက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ 1 female defense against 3 male with weapon ပြိုင်ပွဲတွင် အိုက်စိုးလင်း၊ တင်ထူးဇော်၊ ရဲရင့်အောင်နှင့် အိန္ဒြေဖူးတို့အတွဲက

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

**၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်** စာမျက်နှာ- ၁၉

**ရပ်ရှင်လောကသားများကို နှစ်သစ်ကူးကာလ နှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးမည်** စာမျက်နှာ- ၁၁

**လူငယ်များနှင့် နိုင်ငံတော်ကာကွယ်ရေး** ဆောင်းပါး စာမျက်နှာ- ၁၀

